# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၇၆)


| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့ သီရိလင်္ကာဝန်ကြီးချုပ်နှင့်ဇနီးတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မဟင်ဒါရာဂျာပက်(ခ်)စီနှင့်ဇနီး မဒမ်ရှီရန်သီရာဂျာပက်(ခ်)စီတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာ မဟင်ဒါရာဂျာပက်(ခ်)စီနှင့် ဇနီးတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့** (IMF) Research Department**မှ** Advisor and Head of Trade Unit, Mr. Shang-Jin Wei **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)



# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့နှင့်အာရှဘဏ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF) Research Department မှ Advisor and Head of Trade Unit, Mr. Shang-Jin Wei ခေါင်းဆောင်သော အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)မှ အဖွဲ့ဝင်များ၊ ကမ္ဘာ့ဘဏ်(WB)နှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့မှ အဖွဲ့ဝင်များအား ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ●

## မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

"နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းတည်ဆောက်နေချိန်တွင် အမျိုးသားရေး အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရန်အတွက် စာပေကို ထက်မြက်သည့် လက်နက်ကောင်းသဖွယ် တွင်ကျယ်ထိရောက်စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားကြရမည်"

ခေါင်းကြီး(စာ-၂)

"သားရေ-အဖေ့ကိုချစ်သောအားဖြင့်၊ စာလာသင်တဲ့ဆရာကို လေးစားသောအားဖြင့်၊ ပညာဆိုတာအလွန်ကြီးမားတဲ့ ဂုဏ်ဒြပ်တစ်ခုလို့သဘောပေါက်သောအားဖြင့် စာမေးပွဲတွင်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သွားတက်ဖြစ်အောင် တက်လိုက်စမ်းပါ။ တဖြည်းဖြည်းနားယဉ်ပြီး နားလည်စိတ်ဝင်စားသွားပါလိမ့်မယ်"

ဒေါက်တာလွင်ကို၏ဆောင်းပါး (စာ-၁၀)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

# အမျိုးသားရေးအသိအမြင်များ အစဉ်ထာဝရမြင့်မားစာပေဖြင့် ပြည်သူများနိုးကြားတက်ကြွအောင် စွမ်းဆောင်

အမျိုးသားရေးကို ရှေးရှုသည့် စာပေများသည် ပြည်သူများအား မှန်ကန်သော အတွေးအမြင် ဗဟုသုတများ၊ အချင်းချင်းရိုင်းပင်းညီညွတ်သည့် အမျိုးသားရေးစိတ်ထားများ၊ တိုင်းချစ်ပြည်ချစ်၊ မျိုးချစ်စိတ်နှင့်တကွ မြန်မာလူမျိုးတို့၏ ထူးခြားကောင်းမြတ်သော ယဉ်ကျေးမှုစရိုက်လက္ခဏာ အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အသိပညာစွမ်းအားများ ပေးစွမ်းနိုင်သော ဂုဏ်သတ္တိထူးများ ရှိသည်။

အဆိုပါ ကောင်းမြတ်သည့်အမျိုးသားစာပေများသည် မြန်မာ့သမိုင်းဦး ခေတ်ကာလမှ မျက်မှောက်ကာလတိုင် မပျောက်မပျက် တည်ရှိခဲ့ပြီး မြန်မာလူမျိုးများ ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်လာခဲ့သော တန်ဖိုးကြီးမားလှသည့် အမျိုးသားစာပေ အမွေအနှစ်လည်း ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၃ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုနှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ၁၂ရက်နေ့က ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ပြီး အမှာစကားပြောကြားရာ၌–

**"အမျိုးသားယဉ်ကျေးမှု၏ ရေသောက်မြစ်သဖွယ်ဖြစ်သည့် အမျိုးသားစာပေ အားကောင်းမောင်းသန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးချီးမြှင့်မှု အစီအမံများကို နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားစာပေ၏ ကောင်းမြတ်သည့် အစဉ်အလာနှင့် အရည်အသွေးတို့ကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်စေရန်အတွက် အဘက်ဘက်က အားပေးစောင့်ရှောက်လျက်ရှိသကဲ့သို့ စာပေ၏ပြည်သူများအပေါ် အပြုသဘော စေ့ဆော်နိုင်မှုစွမ်းအားကိုလည်း နိုင်ငံတော်အစိုးရက ယုံကြည်ကိုးစား တန်ဖိုးထားလျက်ရှိကြောင်း"**

ပြောကြားသွားသည်။

ယနေ့ကာလတွင် ရှိရင်းစွဲအမျိုးသားရေး အမွေခံကောင်းများ ထာဝစဉ်ခိုင်မြဲ ပွားများစေရန် လက်ဆင့်ကမ်း ဖော်ဆောင်သွားရမည့်တာဝန်သည် စာပေရေးသား ဖန်တီးသူများ၏ သမိုင်းပေးတာဝန်ပင် ဖြစ်သည်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းတည်ဆောက်နေချိန်တွင် အမျိုးသားရေး အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရန်အတွက် စာပေကို ထက်မြက်သည့် လက်နက်ကောင်းသဖွယ် တွင်ကျယ်ထိရောက်စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သော ဓလေ့စရိုက်များ အစီအစဉ်ရှိရှိ ဝင်ရောက်ထိုးဖောက် လွှမ်းမိုးရန် လုပ်ဆောင်နေမှုများကို တွန်းလှန်ကာကွယ်ရာတွင် အမျိုးသားရေး စာပေများဖြင့် အမျိုးသားရေး ခံကတုတ်လုပ်ပြီး ဟန့်တားတိုက်ဖျက်ကြရန်အတွက် စာပေပညာရှင်များ အားလုံးက တက်ညီလက်ညီ ကြိုးပမ်းအားထုတ် သွားကြရမည် ဖြစ်သည်။

ယနေ့ချိန်ခါတွင် မြန်မာလူမျိုးတို့၏ ခိုင်မာသည့် သမိုင်းကြောင်းအခြေခံများ၊ ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့်၊ ပြည်ထောင်စုကြီး၏ အနှစ်သာရများနှင့်ဆီလျော် ညီညွတ်သည့် စည်းကမ်းပြည့်ဝသည့်၊ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာစေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို စတင်အကောင်အထည်ဖော် လျှောက်လှမ်းနေပြီဖြစ်သည်။ စာပေပညာရှင်များကလည်း မိမိတို့ကလောင်စွမ်းအားဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တစ်တပ်တစ်အား ပါဝင်စွမ်းဆောင် ကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အလာ မြင့်မားခဲ့ထည်ခဲ့သည့် မြန်မာစာပေ၏ အစဉ်အလာကောင်း များနှင့်အညီ ပြည်သူများ အမျိုးသားရေးအသိအမြင် အစဉ်ထာဝရ နိုးကြားခိုင်ကျည် မြင့်မား နိုင်ရန်အတွက် စာပေပညာရှင်တိုင်းက စာပေစွမ်းပကားဖြင့် ဝိုင်းဝန်းစွမ်းဆောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၁၅–၁၂–၂၀၀၄
(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ကိတ်နာမ်များ(အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိက၊ ရသ) (ပထမနှစ်)
၅း၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သပွတ်အူပမာ"**(အပိုင်း–၁၁)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်စား"**(အပိုင်း–၂၉)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ဝန်ကြီးဗိုလ်ချုပ်အောင်မင်း မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံစစ်ဆေး စက်ရုံအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး မှာကြား

ရန်ကုန် ဒီဇင်ဘာ ၁၄

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ဒီဇင်ဘာ၁၂ရက်က မြစ်ငယ်ရှိ လူစီးတွဲနှင့် ကုန်တွဲစက်ရုံသို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာဦးထွန်းဦးက စက်ရုံသို့ရထားတွဲများ ရောက်ရှိပြုပြင်မှု အခြေအနေနှင့် အစားထိုးပစ္စည်းများ တီထွင်ထုတ်လုပ်မှုတို့အားလည်းကောင်း၊ ရွာထောင် စက်ခေါင်းစက်ရုံမှ အင်ဂျင်နီယာမှူး ဦးတင်မောင်သန်းက စက်ခေါင်းများ ရောက်ရှိပြုပြင်မှု အခြေအနေများအားလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြသည်။**

ဝန်ကြီးက စက်ရုံတွင်လိုအပ်သည့် စက်ရုံသုံးစက်ကြီးများ ပြည်ပမှဝယ်ယူ ဖြည့်တင်းပေးမည့် အစီအစဉ်နှင့်တကွ ဝန်ထမ်းများ ဝန်ထမ်းစည်းကမ်းနှင့်အညီ ပြုမူနေထိုင်ရေး၊ စက်သုံးဆီနှင့် နိုင်ငံပိုင်ဌာနပိုင်ပစ္စည်းများ အလွဲသုံးစားမှု မဖြစ်ပွားရေး၊ ကိုယ်စီတာဝန်အပေါ် ကြိုးပမ်းဆောင်ရွက်ရေး၊ စက်ရုံအတွင်း သန့်ရှင်းသပ်ရပ်မှု ရှိစေရေးတို့ကို မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

**မှာကြားခဲ့**

ဆက်လက်၍ ဝန်ကြီးသည် ကွန်ကရစ်ဇလီဖားစက်ရုံသို့ သွားရောက်စစ်ဆေးပြီး အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်လျာထားချက် ပြည့်မီအောင် ထုတ်လုပ်ရေး၊ ထုတ်လုပ်ပြီး ကွန်ကရစ်ဇလီဖားများအား လမ်းပိုင်းအသီးသီးသို့ အမြန်ပို့ဆောင်နိုင်ရေးတို့ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ ၂၉ရက်က လမ်းမတော် မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအမှတ် (၁)ခန်းမတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်ပညာရေးမှူး ဦးခင်သန်းနှင့် အထက (၁) ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင်ပြန်/ဆက်)

# အစိုးရနည်းပညာကောလိပ်(မှော်ဘီ) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အစိုးရနည်းပညာကောလိပ် (မှော်ဘီ) (၁၉၉၉–၂၀၀၂)စာသင်နှစ် E.G.T.I လျှပ်စစ် စွမ်းအား ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၄ရက် နံနက်၉နာရီတွင် တက္ကသိုလ်ရိပ်သာလမ်း တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပရန် စီစဉ်ထားသည်။

အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုသူ အဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများသည် ကိုစိုးမိုးလွင် ဖုန်း–၆၄၀၉၀၇၊ ကိုအောင်ကျော်မင်း(မှော်ဘီ)၊ ကိုရန်နိုင်စိုး ဖုန်း–၆၃၉၃၀၃၊ ၆၃၉၃၀၆၊ ကိုမင်းထိုက်(ထောက်ကြံ့)၊ ကိုပြည့်စုံထွန်း ဖုန်း–၅၇၀၅၉၂၊ ကိုမင်းမင်းဦး ဖုန်း–၅၄၃၇၈၉၊ မစန္ဒာဦး(လှည်းကူး)၊ မယုယုငြိမ်း ဖုန်း–၆၀၀၀၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



● ရှေ့ဖုံးမှ

ထို့သို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) Research Department မှ Advisor and Head of Trade Unit, Mr. Shang-Jin Wei ခေါင်းဆောင်သော အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)မှ အဖွဲ့ဝင်များ၊ ကမ္ဘာ့ဘဏ်(WB)နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)တို့မှ အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သင်တန်းဖွင့်ပွဲ ဒုတိယဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း( အငြိမ်းစား )အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၄

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်မြင့်စည်းရုံးရေးသင်တန်း အမှတ်စဉ်(၅/၂၀၀၄) ဖွင့်ပွဲအခမ်း အနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ လေ့ကျင့်ရေးသင်တန်း ကျောင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း (အငြိမ်းစား) တက်ရောက်၍ အမှာစကားပြောကြားသည်။**

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟို စည်းရုံးရေးကော်မတီဝင်များ ဖြစ်ကြသည့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ ဒုတိယဥက္ကဋ္ဌဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊တပ်မ တော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ် မျိုးမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် စစ်မှုထမ်းဟောင်း ကြီးကြပ် ရေး အဖွဲ့ဝင်များနှင့်သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (အငြိမ်းစား) က မြန်မာနိုင်ငံစစ်မှုထမ်း ဟောင်းအဖွဲ့ဖွဲ့စည်းထားရှိမှု၊ ရည်ရွယ် ချက်၊ လုပ်ငန်းစဉ်ငါးရပ်၊ရှေ့ လုပ်ငန်း စဉ်ခုနစ်ရပ်နှင့် မြန်မာနိုင်ငံစစ်မှုထမ်း ဟောင်းအဖွဲ့က ဆောင်ရွက်လျက်ရှိ သည့် ဖွဲ့စည်းရေး၊လေ့ကျင့်ပညာပေး ရေး၊စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံထားမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူ ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်း များ၊ စက်မှုလက်မှု လုပ်ငန်းများ၊လူမှု ရေးနှင့်သက်သာချောင်ချိမှုနှင့် ပြည်သူ့ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှု များနှင့် စပ်လျဉ်း၍ အမှာစကားပြော ကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်း ဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော် မတီဒုတိယဥက္ကဋ္ဌဒုတိယ ဗိုလ်ချုပ်ကြီး ကြည်မင်း(အငြိမ်းစား)သည် မြန်မာ နိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှသင်တန်း သားများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်း ဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော် မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ် ကြီး ကြည်မင်း(အငြိမ်းစား)သည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ လေ့ ကျင့်ရေး သင်တန်းကျောင်း သင်တန်း ခန်းမ၊သင်တန်းသားအိပ်ဆောင်၊ သင် တန်းစားဖိုဆောင်နှင့်စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များကို မှာကြားသည်။

## အမှာစကားပြောကြား

အလားတူ မြန်မာနိုင်ငံစစ်မှုထမ်း ဟောင်းအဖွဲ့ အဆင့်မြင့်စည်းရုံးရေး သင်တန်း အမှတ်စဉ်(၅/၂၀၀၄) သင်တန်းဖွင့်ပွဲများကို မန္တလေးမြို့ ရေတံခွန်တောင်ရှိမြန်မာနိုင်ငံစစ်မှု ထမ်းဟောင်းအဖွဲ့ လေ့ကျင့်ရေး သင် တန်းကျောင်း(မန္တလေး)နှင့်မကွေးမြို့ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ လေ့ကျင့်ရေး သင်တန်းကျောင်း (မကွေး)တို့၌ သင်တန်းသား ၅၀ ဖြင့် တစ်ချိန်တည်း ဖွင့်လှစ်ခဲ့ရာ မန္တလေး၌ကျင်းပသော သင်တန်း ဖွင့်ပွဲသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌမန္တလေးမြို့တော် ဝန်ဗိုလ်မှူးချုပ်ရန်သိမ်း တက်ရောက်၍ လည်းကောင်း၊မကွေး၌ ကျင်းပသော သင်တန်း ဖွင့်ပွဲသို့ မကွေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မကွေးတိုင်း အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်း တက် ရောက်၍ လည်းကောင်း အမှာစကား အသီးသီး ပြောကြားကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတက်ရန် ရန်ကုန်တိုင်းမှမော်ကွန်းဝင်များလျှောက်ထားနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လိုသော မော်ကွန်းဝင်များအား ဖိတ်ကြားရန်စီစဉ်ထားရာ အခမ်းအနားသို့တက်ရောက်ရန် လျှောက်ထားသူများသည် ရန်ကုန်တိုင်း အတွင်းရှိသူများသာ ဖြစ်ရမည်။ နိုင်ငံရေးပါတီများနှင့် ကင်းရှင်းသူ ဖြစ်ရမည်။ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်(အငြိမ်းစား)သုံးစွဲခွင့်ရှိသူများသာဖြစ်ရမည်။မော်ကွန်းဝင် ရရှိပြီး ကိုယ်တိုင်တက်ရောက်မည့်သူများသာဖြစ်ရမည်။ **(ကိုယ်စားတက် ရောက်မည့်သူများမပါ)**

## အမှာစာများပေးပို့

အခမ်းအနားသို့တက်ရောက်ရန် လျှောက်ထားသော မော်ကွန်းဝင်များ သည် မိမိတို့အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ မော်ကွန်းဝင်အမှတ်နှင့် ခုနှစ်၊ နေရပ်လိပ်စာအပြည့်အစုံ(ဆက်သွယ်နိုင်မည့် လိပ်စာကို ဖော်ပြရန်)နှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက် ခဲ့ခြင်းရှိ/မရှိ၊ ဖိတ်ကြားခံရသည့်လိပ်စာ၊ အမှတ်စဉ်တို့ကို ဖော်ပြလျက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး (မော်ကွန်းဝင်ဖိတ်ကြားရေးအဖွဲ့) အမှတ်(၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့ သို့ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီထက်နောက်မကျစေဘဲ လျှောက်လွှာများပေးပို့ကြရန်ဖြစ်သည်။

ယင်းအခမ်းအနားသို့တက်ရောက်ရန် လျှောက်ထားသော မော်ကွန်း ဝင်များသည် ကိုယ်တိုင်တက်ရောက် မည့်သူများ ဖြစ်ပြီး ကိုယ်စားလှယ် တက်ရောက်ခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း သက်ဆိုင်ရာကနှိုးဆော်ထား သည်။ **(သတင်းစဉ်)**

**ဒီဇင်ဘာ ၁၀ ရက်က အလက (၂) သဃ်န်းကျွန်း၏ သုတပန်းခင်းကျောင်း စာကြည့်တိုက်ဖွင့်ပွဲအခမ်း အနားတွင် ရန်ကုန် အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးညွန့်လှိုင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းအေးထံ စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)



# သူတို့နှုန်းစံလက်ခံပါက

* ဒီမိုကရေစီ၊ အော်မြည်ဟစ်ကြွေး
ဖောင်းပေးစေ့ဆော်၊ ရှိနေသော်ငြား
သတိထားကာ၊ ကြည့်လိုက်ပါက
လိုလားတာက တခြားပါ။

* လူ့အခွင့်အရေး၊ အရေးတယူ
အလံထူကာ၊ ဤကမ္ဘာနေ
ပြည်သူတွေတွက်၊ ရှေ့တန်းကိုထွက်
လှုံ့ဆော်လျက်သာ၊ ရှိနေပါလည်း
လိုလားတာက တခြားပါ။

* သူခိုင်းတာလုပ်၊ သူလုပ်တာကူ
သူ၏မူနှင့်၊ သူ့လူလက်ခံ
ထိုနိုင်ငံကို၊ အလိုလိုပင်
ဒီမိုကရေစီ၊ ရှိနေပြီပဲ
စွဲမြဲမှတ်သား၊ လက်ခံသွားလိမ့်။

* သူတို့ပုံစံ၊ အနောက်ဟန်တိုင်း
မဆိုင်းမတွ၊ အစိုးရက
ကျင့်ကြံကမူ၊ ထိုကပြည်သူ
ဟူဟူသမျှ၊ စံပြည့်ဝသည့်
ရကြခွင့်ရေး၊ လူ့ခွင့်ရေးဟု
အေးဆေးညင်သာ၊ လက်ခံပါလိမ့်။

* သူတို့စံထား၊ ဒီမိုကရေစီများ
သိထားကြဖို့ လိုပါပြီ။

* သူတို့ဖောင်းပေး၊ လူ့အခွင့်အရေး
မျှော်တွေးသိဖို့ လိုပါပြီ။

* သူတို့နှုန်းစံ၊ ဒို့လက်ခံ
နိုင်ငံကျွန်ဖြစ်မည်။ ။

ပျံလွှား

# အိမ်မဲမြို့နယ်အသင်း( ရန်ကုန် )ထမနဲထိုးအလှူ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၏ ဦးသျှောင်နာယကဖြစ်တော်မူသော အိမ်မဲမြို့ မဟာစည် သာသနာ့ရိပ်သာပဓာနနာယကအဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဣန္ဒဝံသ ဆရာတော်သည် နှစ်စဉ် ကျင်းပမြဲဖြစ်သော မဟာစည်ပူဇော်ပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ ရောက်ရှိတော်မူမည် ဖြစ်သည်။

ဆရာတော်အား ဦးထိပ်ထားလျက် အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)နှင့် အိမ်မဲမြို့ မဟာစည်သာသနာ့ရိပ်သာ ယောဂီများ၊ စေတနာရှင်၊ အလှူရှင်များပူးပေါင်းပြီး ဒီဇင်ဘာ ၂၂ရက် (နတ်တော်လဆန်း ၁၁ရက်) ဗုဒ္ဓဟူးနေ့ ည၇နာရီတွင် ဗဟန်း မြို့နယ် မဟာစည်ရိပ်သာဝင်းအတွင်း၌ ထမနဲ ထိုးလှူဒါန်းမည်ဖြစ်ရာ ရန်ကုန်မြို့နေ အသင်းဝင်များနှင့် မြို့နယ်သူမြို့နယ်သားများအား ဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

# ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း( MPPA)၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက် (စနေနေ့ )မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။ **(က-ပ)**

# မကွေးမြို့အလက( ၁ ) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မကွေးမြို့ အလက(၁) ဆားစည့်ကျောင်း၏ ပထမအကြိမ်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၆ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် အလက(၁) ကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မကွေးမြို့ ဆားစည့်ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ဖိတ်ကြားထားပြီး ဖြစ်ရာ ဖိတ်စာမရရှိပါကလည်း တက်ရောက်ကြရန် ပန်ကြားထားသည်။

ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက်တက်ရောက်ကြရန်နှင့် ပူဇော်ကန်တော့ငွေများကို ဦးသိန်းဝင်း ဖုန်း-၀၆၃-၂၁၂၈၃၊ ဒေါက်တာ-ထွန်းအောင်ကြည် ဖုန်း-၀၆၃-၂၂၄၆၉၊ ဦးဌေးအောင် ဖုန်း-၀၁-၅၇၇၉၇၉နှင့် ဒေါ်ရီရီဝေ ဖုန်း-၀၁-၇၀၀၃၇၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# မလေးရှား-အင်ဒိုနီးရှား နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မည်

ကီနင်ဂေါ ဒီဇင်ဘာ ၁၂

**အင်ဒိုနီးရှားနှင့်မလေးရှားနိုင်ငံတို့ ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အကျိုးအမြတ်ရှိမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာအာမက်ဘာဒါဝီက တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။**

မိမိနှင့်အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်းဘန်းယူဒိုယိုနိုတို့သည် ချီလီနိုင်ငံ ဆန်တီဂိုမြို့၌ ကျင်းပခဲ့သည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင်လည်းကောင်း၊ ပြီးခဲ့သည့်လက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေး၌လည်းကောင်း၊ ထိုပူးပေါင်းဆောင်ရွက်ရေးကိစ္စကို ဆွေးနွေးခဲ့ကြကြောင်း အဗ္ဗဒူလာက ပြောကြားသည်။

မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန်လိုအပ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဆူစီလိုအား မိမိဆွေးနွေးခဲ့သည်ဟု အဗ္ဗဒူလာကပြောကြားသည်။

မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် အင်ဒိုနီးရှားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆိုင်သကဲ့သို့ မလေးရှားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်လည်းသက်ဆိုင်ကြောင်း အဗ္ဗဒူလာက ပြောကြားသည်။

**(အင်တာနက်)**



## ဟောင်ကောင်ရှုခင်း

**ဟောင်ကောင်ရောက် ကမ္ဘာလှည့်ခရီးသွားများ ဟောင်ကောင်မြို့၏ ရှုခင်းကို အထပ်မြင့်အဆောက်အအုံပေါ်မှ ကြည့်ရှုလေ့လာနေကြသည်ကို ဒီဇင်ဘာ ၁၃ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# ဆေးလိပ်သည် ကျန်းမာရေးအတွက် အဆိုးရွားဆုံး အရာဖြစ် အီတလီ ရထားများပေါ်တွင် ဆေးလိပ်သောက်ခြင်းပိတ်ပင်

ရောမ ဒီဇင်ဘာ ၁၃

**အီတလီရထားများအားလုံးပေါ်တွင် ဆေးလိပ်သောက်သုံးခြင်းကို တနင်္ဂနွေနေ့မှစ၍ လုံးဝပိတ်ပင်လိုက်ပြီဖြစ်ကြောင်း အီတလီအမျိုးသား မီးရထားကုမ္ပဏီ တရီနီတယ်လီယာက ပြောကြားသည်။**

ယင်းကုမ္ပဏီသည် ဒေသဆိုင်ရာနှင့် ပြည်တွင်းမီးရထားလိုင်းများတွင် ၎င်းတို့၏ မီးရထားများပေါ်၌ ဆေးလိပ်သောက်ခြင်းပိတ်ပင်မှုကို ၂၀၀၃ခုနှစ် ဧပြီလက စတင်ဆောင်ရွက်ခဲ့သည်။

## တားမြစ်

ယခုနှစ်မတ်လမှစပြီး မြို့တွင်း အမြန်ရထားများပေါ်တွင် ဆေးလိပ်သောက်သုံးမှု ပိတ်ပင် တားမြစ်ခဲ့ကြောင်း၊ ကားနှစ်စီးဖြင့် အဝေးပြေးရထား အသီးသီးတွင် ဆေးလိပ်သောက်သုံးသူများအား လိုက်လံစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

## ကန့်သတ်

ကားရထားများကဲ့သို့သော အများပြည်သူများ သွားလာသည့်နေရာများတွင် ဆေးလိပ်မသောက်ရဟု ပိတ်ပင်ထားခြင်းသည် ဆေးလိပ်သောက်သူများ၏ လွတ်လပ်မှုကို အနည်းငယ် ကန့်သတ်ထားကြောင်း၊ အလားတူ မော်တော်ဆိုင်ကယ်စီးသူများ ဆိုင်ကယ်ဦးထုပ်များ ဆောင်းကြရန် သို့မဟုတ် မော်တော်ယာဉ်မောင်းသူများ ထိုင်ခုံခါးပတ်များ ပတ်ထားကြရန်လည်း ဆောင်ရွက်လျက် ရှိကြောင်း အဆိုပါ ကုမ္ပဏီ အကြီးအကဲ ရော်ဘတ်တိုတီစတိုးက ပြောကြားသည်။

အဆိုပါ ဆေးလိပ်သောက်သုံးမှု ပိတ်ပင်ခြင်းသည် ဆေးလိပ်သောက်သုံးသူများရော၊ ဆေးလိပ်မသောက်သုံးသူများခရီးသည်အားလုံး၏ကျန်းမာရေးကို ကာကွယ်ရန် ဖြစ်ကြောင်း အီတလီကျန်းမာရေးဝန်ကြီး ဂျာရိုလမ်မိုဆာချီယာက ပြောကြားသည်။

မိမိတို့သည် ယင်းအောင်မြင်မှုများကို သင်နှင့်အတူ ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ သင့်ကျန်းမာရေးအတွက် ဆေးလိပ်သောက်သုံးခြင်းသည် အဆိုးရွားဆုံး အရာဖြစ်သည်ကို မည်သည့်အခါမျှ မမေ့သင့်ကြောင်း ဆာချီယာက ထပ်လောင်းပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အေအိုင်ဒီအက်စ် ကုသရေး ဆေးဝါးသစ် တရုတ်နှင့် ထိုင်းသိပ္ပံပညာရှင်များ ဖော်ထုတ်နိုင်

ကူမင်း ဒီဇင်ဘာ ၁၃

**တရုတ်နှင့် ထိုင်းသိပ္ပံပညာရှင်များသည် မကြာသေးမီက လက်တွေ့စမ်းသပ်စစ်ဆေးချက်များအရ လူနာ ၈၉ရာခိုင်နှုန်းတွင် လက်တွေ့ထိရောက်သော အေအိုင်ဒီအက်စ် ကုသရေး ဆေးဝါးသစ်တစ်မျိုးကို ဖော်ထုတ်နိုင်ခဲ့သည်။**

## ဖော်စပ်ထုတ်လုပ်

အဆိုပါ ဆေးဖက်ဝင်အပင်များဖြင့် ဖော်စပ်ထားသည့် ဆေးအညွှန်းဖြစ်သော အက်စ်အိတ်ချ်ဟုခေါ်သည့် ဓာတ်ပေါင်းကို ထိုင်းကျွမ်းကျင်သူများနှင့်ပူးပေါင်း၍ တရုတ်သိပ္ပံ အကယ်ဒမီ၏ ကူမင်း ရုက္ခဗေဒ သိပ္ပံဌာနက ဖော်စပ်ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။

ယင်းဆေးဝါးကို ရေရှည်အသုံးပြုရေးအတွက် ထိုင်းသို့ တင်သွင်းရန် ထိုင်းပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနက ထောက်ခံထားကြောင်း တရုတ်ပြည်အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိမြို့တော်ကူမင်း အခြေစိုက် သိပ္ပံဌာန၏ သတင်းများက ဖော်ပြသည်။

လက်တွေ့စမ်းသပ်မှုကို ထိုင်းဆေးရုံများရှိ အိပ်ချ်အိုင်ဗွီပိုးရှိသူ လူနာ ၁၂၀အား စမ်းသပ်စစ်ဆေးခဲ့ကြောင်း ရုက္ခဗေဒသိပ္ပံဌာနမှ အထူးကုဆရာဝန် ဂင်ဖန်ယွန်က ပြောကြားသည်။

## ဆွေးနွေး

နှစ်နိုင်ငံတို့သည် ဆေးဝါးအသစ် အမြောက်အမြား ထုတ်လုပ်ရန် ကုန်ကြမ်းအဖြစ် ထိုင်းနိုင်ငံသို့ တရုတ်တင်ပို့သည့် ဆေးဖက်ဝင် အပင်များနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးလျက်ရှိသည်။

ထို့ပြင် တရုတ်ကလည်း ဆေးညွှန်းသစ်တင်သွင်းရာတွင် အလားအလာရှိသည့် နှစ်နိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် နိုင်ဂျီးရီးယားတို့နှင့် သဘောတူညီခဲ့ကြောင်း ဂင်က ပြောကြားသည်။

အဆိုပါဆေးဝါးသည် တရုတ်ရိုးရာဆေးဝါးအဖြစ် တရုတ်-ထိုင်း ပူးပေါင်းဆောင်ရွက်ရာ၌ အဓိက ထိုးဖောက်မှုတစ်ရပ်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပေးသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေး ပိုမိုတိုးမြှင့်သွားမည်ဟု ပါကစ္စတန်ဝန်ကြီးချုပ် ပြောကြား

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁၃

**ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံနှင့်ဆက်ဆံရေး ပိုမိုတိုးမြှင့်သွားမည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှော်ကက်အဇစ်က အစ္စလမ္မာဘတ်မြို့၌ တနင်္လာနေ့က ပြောကြားသည်။**

ဒီဇင်ဘာ၁၄ရက်မှ ၁၈ရက်ထိ တရုတ်နိုင်ငံ၌ တရားဝင်လည်ပတ်မည့် ဝန်ကြီးချုပ်က နိုင်ငံရေး၊စီးပွားရေး၊ ယဉ်ကျေးမှု၊ ကာကွယ်ရေးအပြင် အခြားကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန် ကြိုးပမ်းရာတွင် မိမိနှင့်အတူ အစိုးရအဖွဲ့ဝင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များကို ခေါ်ဆောင်သွားမည်ဟု ပြောကြားသည်။

## ထောက်ခံ

ပါကစ္စတန်နိုင်ငံသည် ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှကိုလိုနီအုပ်စိုးမှုမှ လွတ်လပ်ရေးရခဲ့ချိန်မှစပြီး တရုတ်နိုင်ငံ၏ ရင်းနှီးသောထောက်ခံသူဖြစ်ခဲ့ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

## ဆွေးနွေးမည်

နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ရာတွင် တရုတ်ခေါင်းဆောင်ပိုင်းအား ပါကစ္စတန်၏ နောက်ဆုံးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေကို ရှင်းလင်းပြမည့်ပြင် ပိုမိုခိုင်မာသော ပူးပေါင်းဆောင်ရွက်မှု ဖြစ်နိုင်ချေများကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကပြောကြားသည်။

တရုတ်နိုင်ငံ၌ရှိစဉ် သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာအများအပြားကို လက်မှတ်ထိုးဖို့ရှိပြီး၊ တရုတ် ကုမ္ပဏီများအား ပါကစ္စတန်သို့ လာရောက်ရန် ဖိတ်ခေါ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# လေဆာပုံနှိပ်စက်ထုတ်လုပ်မည့်စက်ရုံသစ် ဗီယက်နမ်၌ ကင်နွန်ကုမ္ပဏီထူထောင်မည်

ဟန္နိုင်း ဒီဇင်ဘာ ၁၃

**ဗီယက်နမ်နိုင်ငံတွင် လေဆာပုံနှိပ်စက်များ ထုတ်လုပ်ရန်အတွက် စက်ရုံသစ် တစ်ရုံတည်ဆောက်သွားရန်စီစဉ်ထားကြောင်း ကင်နွန်ကုမ္ပဏီက ယနေ့ ကြေညာသည်။**

**စက်ရုံသည် ယန်းငွေ ၅ ဘီလီယံ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၇ သန်း ဝန်းကျင်ကုန်ကျမည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဘက်ညင်ပြည်နယ်ရှိ စက်မှုဇုန်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ကင်နွန်ကုမ္ပဏီက ပြောကြားသည်။**

**စက်ရုံသစ်သည် လစဉ်ပုံနှိပ်စက်လုံးရေ ၇၀၀၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း သိရသည်။** (အင်တာနက်)

**ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဆီမီးကွန်ဒတ်တာစက်ရုံတစ်ရုံ၌ အလုပ်သမားများက ဆီမီးကွန်ဒတ်တာများ ထုတ်လုပ်လျက်ရှိသည်ကို ဒီဇင်ဘာ ၁၃ ရက်က တွေ့ရစဉ်။** (ယင်းစက်ရုံမှ ထုတ်လုပ်သောပစ္စည်းများ လူကြိုက်များ၍ ဝယ်လိုအား မြင့်တက်လာကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)



# ဗြိတိသျှတပ်ဖွဲ့ဝင်များ အီရတ်သို့ ထပ်မံစေလွှတ်မည်မဟုတ် ဗြိတိန်ကာကွယ်ရေးဝန်ကြီး အတည်ပြုပြောကြား

လန်ဒန် ဒီဇင်ဘာ ၁၃

**ယခုလတွင် အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၁၂၀၀၀ကျော်ကို ထပ်မံဖြန့်ချမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက ကြေညာခဲ့ပြီးနောက် ဗြိတိန်က ၎င်း၏တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံသို့ ထပ်မံစေလွှတ်ရန် အစီအစဉ်မရှိကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးက တနင်္ဂနွေနေ့တွင် အတည်ပြု ပြောကြားသည်။**

အီရတ်နိုင်ငံတွင် လာမည့် ဇန်နဝါရီလ၌ ပြုလုပ်မည့် ရွေးကောက်ပွဲ အတွက် လုံခြုံရေးတိုးမြှင့်ပြုလုပ်ရန် အီရတ်အရေးနှင့် ပတ်သက်သည့် အမေရိကန်၏ အဓိကမဟာမိတ်တစ်ဦးဖြစ်သူ ဗြိတိန်နိုင်ငံမှ တပ်ဖွဲ့ဝင်များစေလွှတ်မှုနှင့် ပတ်သက်၍ ဘီဘီစီရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဗြိတိန်ကာကွယ်ရေးဝန်ကြီးက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင် လက်ရှိအချိန်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၉၀၀၀ကို ဘာဆရာမြို့နှင့် အီရတ်တောင်ပိုင်းဒေသတွင် တပ်ဖြန့်ချထားသည်။

မိမိတို့အနေဖြင့် အီရတ်နိုင်ငံသို့ မကြာမီအချိန်ကာလတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ တိုးမြှင့်ဖြန့်ချမည့် အစီအစဉ်မရှိကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျော့ဖ်ဟွန်းက ပြောကြားသည်။

အီရတ်နိုင်ငံ ရွေးကောက်ပွဲအတွက် လုံခြုံရေးတိုးမြှင့်ရန် တပ်ဖွဲ့ဝင် ၁၂၀၀၀ ကို ထပ်မံဖြန့်ချမည်ဟု ဝါရှင်တန်က ပြောကြားခဲ့ရာ ထိုအရေအတွက်အတိုင်း ထပ်မံဖြန့်ချခဲ့ပါက အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၁၅၀၀၀၀ခန့် အထိရှိလာမည်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

# မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## ဒီဇင်ဘာ ၁၃ ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၂၈၆ဦး ရှိပြီ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၄

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။**

ဒီဇင်ဘာ ၁၃ရက်တနင်္လာနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၂၈၆ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၁၀၁၆ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၁၁၅၈ဦးဖြစ်ပြီး ယင်းအနက် ၉၀၇မှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**



**ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲသည့်နေရာမှ မီးခိုးများလွင့်တက်လျက်ရှိသည်ကို ဒီဇင်ဘာ ၁၃ ရက်က တွေ့ရစဉ်။** (ယင်းဗုံးခွဲတိုက်ခိုက်မှုသည် အမေရိကန်သံရုံးနှင့် အီရတ်ကြားဖြတ်အစိုးရ အဆောက်အအုံအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**

# အီရတ်မြောက်ပိုင်းရှိ ရေနံပိုက်လိုင်း ဖောက်ခွဲခံရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၃

**ဖောက်ခွဲဖျက်ဆီးသူများသည် အီရတ်နိုင်ငံမြောက်ပိုင်းရှိ ရေနံတင်ပို့ရေးပိုက်လိုင်းအား ဗုံးဖောက်ခွဲ တိုက်ခိုက်ခဲ့သော်လည်း တူရကီနိုင်ငံ၏ ဆီဟန်ဆိပ်ကမ်းသို့ ရေနံများပြတ်တောင်းပြတ်တောင်းစီးဆင်း ရောက်ရှိနေဆဲရှိသည်ဟု အီရတ်ရေနံအရာရှိများက ပြောကြားသည်။**

## ဖောက်ခွဲခဲ့

ကယ်ကွတ်ရေနံစခန်း၏ အနောက်တောင်ဘက် ရီယက် ဒေသတွင် သောကြာနေ့ညပိုင်းက ရေနံ ပိုက်လိုင်းအား ဗုံးဖောက်ခွဲခဲ့ရာတွင် အမြွှာပိုက်လိုင်း၏ ၄၈လက်မအပိုင်း၌ အပေါက်ဖြစ်သွားခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ရေနံများသည် လက်မ ၄၀ ရှိ ဒုတိယ ပိုက်လိုင်းမှနေ၍ ဘေဂျီအနီးရှိ ရေနံသိုလှောင်ကန်များသို့ စီးဝင်လာနေပြီဖြစ်ကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။

## လျော့ကျ

ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဆီဟန်သို့ပေးပို့သော ရေနံပမာဏသည် လွန်ခဲ့သည့်လ၌ စည် ၃ဒသမ ၈သန်းထိလျော့ကျသွားခဲ့သည်ဟု တင်ပို့မည့် အစီအစဉ်ရှိခဲ့သော စည် ၇ဒသမ ၅သန်းနှင့် နှိုင်းယှဉ်ဖော်ပြခဲ့သည်။

အီရတ်တောင်ပိုင်း ဘာဆရာ၌ရှိသော ရေနံဆိပ်ကမ်းမှ တစ်နေ့လျှင် ရေနံစည် ၁ ဒသမ ၈သန်းကို ပုံမှန်တင်ပို့လျက်ရှိကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

# သီရိလင်္ကာ ဓားစာခံ နေအိမ်သို့ ပြန်ရောက်ရှိ

**ကိုလံဘို ဒီဇင်ဘာ ၁၃**

ယခုနှစ်အောက်တိုဘာလအတွင်းက ဓားစာခံအဖြစ် အီရတ်တွင် ဖမ်းဆီးခံထားခဲ့ရသည့် သီရိလင်္ကာနိုင်ငံသား ထရပ်ကားမောင်းသူ ဒိုင်နက်ရာဂျာရာသမ်သည် ယခုအခါ နေအိမ်သို့ ပြန်ရောက်လာခဲ့ပြီဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံပိုင် အသံလွှင့်ဌာနက တနင်္ဂနွေနေ့တွင် ကြေညာသည်။

အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားအုပ်စုတစ်စုက ဖမ်းဆီးခဲ့သော ရာဂျာရာသမ်သည် သီရိလင်္ကာနိုင်ငံ ဘင်ဒရာနိုင်ကီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တနင်္ဂနွေနေ့ နံနက်ပိုင်းက ပြန်လည်ရောက်ရှိခဲ့ကြောင်း အဆိုပါအသံလွှင့်ဌာနက ကြေညာသည်။

၎င်းသည် ယခုနှစ် အောက်တိုဘာ ၂၈ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦးနှင့်အတူ အီရတ်တွင် ယာဉ်မောင်းအလုပ်လုပ်ကိုင်နေစဉ် ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ အီရတ်နိုင်ငံကို အမေရိကန်နှင့်အပေါင်းပါတို့က ၂၀၀၃ခုနှစ် မတ်လမှစတင်ကာ ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း အီရတ်နိုင်ငံသို့ သီရိလင်္ကာနိုင်ငံသားများ ခရီးသွားလာခြင်းမပြုကြရန် သီရိလင်္ကာအစိုးရက သတိပေးကြေညာထားကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဘဂ္ဂဒက်၌ လောင်စာနှင့် လျှပ်စစ်ပြတ်တောက်နေ ရေနံထုတ်ကုန်ပစ္စည်းများ ပြည်ပမှ ဝယ်ယူသုံးစွဲနေရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၂

**အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် လောင်စာနှင့်လျှပ်စစ် ပြတ်တောက်မှုများ ဖြစ်ပေါ်နေသည့်အတွက် အီရတ်ကြားဖြတ်အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ အဟန့်အတားနှင့်ကြုံတွေ့နေရပြီး တည်ငြိမ်မှုကို ထိခိုက်စေလျက်ရှိကြောင်း အမေရိကန်နှင့် အပေါင်းပါတို့မှ ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။**

လောင်စာဆီ အဆောက်အအုံများ၌ ရှည်လျားသော ပိုက်လိုင်းများနှင့် ပို့လွှတ်ရေးမှာလည်း လောင်စာဆီဖြန့်ဖြူးရာတွင် ပြဿနာများ ဖြစ်ရကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။

## တိုက်ခိုက်

ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ ရေနံပိုက်လိုင်းများနှင့် သိုလှောင်ရုံများကို အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက တိုက်ခိုက်မှုများကြောင့် ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

အီရတ်နိုင်ငံသည် စစ်ပွဲမဖြစ်မီက ရေနံထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ခဲ့သည်။ ယခုအခါ ရေနံမှထုတ်ကုန်များကို တူရကီ၊ အီရန်၊ ဂျော်ဒန်နှင့် ဆီးရီးယားတို့မှ ထရပ်ကားများဖြင့် တင်သွင်းလာသော ထုတ်ကုန်ပစ္စည်းများအား တစ်လလျှင် အမေရိကန်ဒေါ်လာသန်း ၂၀၀ဖိုးခန့် ဝယ်ယူသုံးစွဲနေရသည်။ **အမ်အင်အေ၊ ရိုက်တာ**

# အာဖရိကနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ်ပြောကြား

ပေကျင်း ဒီဇင်ဘာ ၁၂

**ကြေးနန်းဆက်သွယ်ရေးနှင့် ကုန်သွယ်မှုတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အာဖရိကနိုင်ငံများနှင့် တရုတ်နိုင်ငံက ပိုမိုပူးပေါင်း ဆောင်ရွက်သွားလိုကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ် ဟောင်ကျူက ပေကျင်း၌ သောကြာနေ့က ပြောကြားလိုက်သည်။**

ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း တရုတ်အစိုးရက သဘောပေါက်နားလည်ထားပြီး အာဖရိကနိုင်ငံများနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုလုပ်ဆောင်သွားရန် တရုတ်ကြေးနန်းလုပ်ငန်းများအား မိမိတို့ဆက်လက်အားပေးသွားမည်ဖြစ်ကြောင်း အာဖရိကကိုးနိုင်ငံမှ အဆင့်မြင့်ကြေးနန်း ဆက်သွယ်ရေးဌာနအရာရှိများအဖွဲ့ကို ပြောကြားသည်။

အာဖရိကကိုးနိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ၌ ကျင်းပသည့် တရုတ်-အာဖရိကဝန်ကြီးအဆင့် ကြေးနန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှုဆိုင်ရာ နှီးနှောပွဲ တက်ရောက်လျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအဖြစ် နယ်ပယ်အများအပြားတွင် မိမိတို့သည်လိုက်ဖက်မှု ရှိသူများဖြစ်ကြောင်း၊ ဘုံအကျိုးစီးပွားအများအပြားကို ဝေမျှခံစားကြကြောင်း၊ တရုတ်အာဖရိကဆက်ဆံရေး ပိုမိုတိုးတက်စေရန်အတွက် ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို နှစ်ဖက်စလုံးက ဆက်လက်၍ တိုးတက်စေမည် ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ယခုအထိ တရုတ်နိုင်ငံက အာဖရိကနိုင်ငံ ၂၀ကျော်နှင့် ကြေးနန်းဆက်သွယ်ရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ထားပြီး ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**



**အယ်လ်အန်ဘာပြည်နယ်၌ အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦး တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ပြီးနောက် အမေရိကန် တပ်ဖွဲ့ဝင်များ ဖလူးဂျာမြို့၌ ရှာဖွေမှုများ ဆောင်ရွက်လျက်ရှိသည်ကို ဒီဇင်ဘာ ၁၃ ရက်က တွေ့ရစဉ်။)**

(ဓာတ်ပုံ-အင်တာနက်)

# ခေါင်းချင်းဆက်အမြွှာညီအစ်ကို နောက်ထပ်ခွဲစိတ်မှုခံယူရမည်

နယူးယောက် ဒီဇင်ဘာ ၁၃

**အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၏ မြောက်ဘက်ရှိ ဘရွန့်ဇ်မြို့တွင် ဆရာဝန်များက ခွဲစိတ်ကုသပေးခဲ့သော ခေါင်းချင်းဆက်အမြွှာညီအစ်ကိုသည် ယခုသီတင်းပတ်ထဲ၌ နောက်ထပ်ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ကြောင်း ဆေးရုံသတင်းရပ်ကွက်များက စနေနေ့၌ ပြောကြားသည်။**

**အဆိုပါခေါင်းချင်းဆက် အမြွှာညီအစ်ကိုများဖြစ်ကြသော ကားလ်နှင့် ကလဲရင့်စ်အက်ဂ်ဂူရီတို့အား ဗုဒ္ဓဟူးနေ့၌ မွန်တီဖီယိုရီကလေးဆေးရုံတွင် အရေပြားအစားထိုးမှု ပြီးစီးအောင်လုပ်ရန်နှင့် ဦးခေါင်းခွံကို ဖွဲ့စည်းတည်ဆောက်သွားရန်အတွက် ခွဲစိတ်ကုသပေးမည်ဖြစ်သည်။**

**ခေါင်းချင်းဆက်နေခဲ့သော အဆိုပါအမြွှာညီအစ်ကိုအား ဩဂုတ်လထဲတွင် သီးခြားဖြစ်အောင် ၁၇နာရီကြာမျှ ဆောင်ရွက်ခဲ့ရသည်။ ယင်းခွဲစိတ်မှုသည် အမြွှာညီအစ်ကို အမေရိကန်ပြည်ထောင်စုသို့ လွန်ခဲ့သည့်နှစ်၌ ရောက်ခဲ့ချိန်မှစပြီး စတုတ္ထအကြိမ် ခွဲစိတ်မှုဖြစ်သည်။ အမ်အင်အေ၊ဆင်ဟွာ**

# သံဃရာဇာဆရာတော်ကြီးများ၊ သံဃာတော်အရှင်သူမြတ်များနှင့်အဖွဲ့ဝင်များ ပုဂံနှင့် မန္တလေးမြို့များရှိ ထင်ရှားသောဘုရားများအား ဖူးမြော်ကြည်ညို



ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်ခဲ့ကြသော ပြည်ပနိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ ဒီဇင်ဘာ ၁၃ ရက်တွင် မန္တလေးတောင်ခြေရှိ မဟာလောကမာရဇိန်စေတီအား လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၁၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက တာဝန်ယူကြီးမှူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဉာဏိဿရ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ သံဃရာဇာဆရာတော်များ၊ ဘင်္ဂလားဒေ့ရှ်၊ ဘရာဇီးလ်၊ ကမ္ဘောဒီးယား၊ ချက်၊ လာအို၊ ဗြိတိန်၊ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ မက္ကဆီကို၊ မွန်ဂိုလီးယား၊ နီပေါ၊ နယ်သာလန်၊ ရိုမေးနီးယား၊ ဗီယက်နမ်၊ သီရိလင်္ကာ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ထိုင်းနှင့် အမေရိကန်နိုင်ငံများမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ သီလရှင်များနှင့် ဗုဒ္ဓဘာသာသုတေသီပညာရှင်များသည် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ပုဂံမြို့နှင့် မန္တလေးမြို့များရှိ ထင်ရှားသောဘုရား၊ စေတီ၊ ပုထိုးများအား ဖူးမြော်ရန်နှင့် သာသနိက အဆောက်အအုံများ၊ သာသနာရေးဆိုင်ရာ ဆောင်ရွက်မှုများကို လေ့လာကြည့်ရှုရန် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ ပုဂံ-ညောင်ဦးလေဆိပ်သို့ နံနက် ၇နာရီ မိနစ် ၄၀ တွင် ရောက်ရှိကြသည်။**



ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်ခဲ့ကြသော ပြည်ပနိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ သီလရှင်များနှင့် ဗုဒ္ဓဘာသာသုတေသီပညာရှင်များ ဒီဇင်ဘာ ၁၃ ရက်တွင် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

## ဖူးမြော်ကြည်ညို

ကြွရောက်တော်မူလာကြသော သံဃရာဇာဆရာတော်ကြီးများ၊ ဆရာတော် သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီးများနှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်စား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) တိုင်းအထွေထွေအုပ်ချုပ်ရေးမှူး ဦးကျင်လင်း၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်တွင် ဖူးမြော်ကြည်ညိုကြိုဆိုကြသည်။

ထို့နောက် သံဃရာဇာဆရာတော်ကြီးများ၊ ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဂူပြောက်ကြီးဘုရားသို့ ရောက်ရှိကြရာ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး (ညွှန်ကြားရေးမှူး)ဦးလှကြီးမောင်မောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက်ဆရာတော် သံဃာတော်များသည် ဂူပြောက်ကြီးဘုရားရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ရေချမ်းနှင့် အလင်းတိုင်များ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ကျောင်းအုပ်ကြီး ဦးလှကြီးမောင်မောင်က လိုက်လံရှင်းလင်းပြသရာ ဆရာတော်အရှင်သူမြတ်များက လှည့်လည်ကြည်ညိုကြပြီး ရှေးခေတ်နံရံဆေးရေးပန်းချီကားများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုတော်မူကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် အဖွဲ့ဝင်များသည် သဗ္ဗညုဘုရားသို့ ရောက်ရှိကြပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကာ လှည့်လည်ကြည်ညိုကြသည်။

ထို့နောက် ရွှေစည်းခုံစေတီတော်သို့ ကြွရောက်တော်မူကြပြီး စေတီတော်အား ပန်း၊ ရေချမ်း၊ အလင်းတိုင်များ ကပ်လှူဖူးမြော်ကြည်ညိုကြကာ စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ရောက်ရှိတော်မူကြရာ ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် တာဝန်ရှိသူများက ဖူးမြော်ကြိုဆိုကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် စပ်လျဉ်း၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြလျှောက်ထားပြီး ပြတိုက်မှူး ဦးမြင့်စိုးအောင်က ဆရာတော် အရှင်သူမြတ်များအား ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအကြောင်းရိုက်ကူးထားသည့် ဗွီစီဒီနှင့် စာအုပ်ကို ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့် အတူ ပုဂံမြို့ရှုခင်းပုံပန်းချီကားရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

## မြန်မာ့ယွန်းထည်လေ့လာ

ထို့နောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် အဖွဲ့ဝင်များသည် မြန်မာ့ရိုးရာယွန်းထည် လုပ်ငန်းကို သွားရောက်ကြည့်ရှုလေ့လာတော်မူကြသည်။

ဆက်လက်၍ ဖူးဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဖူးဘုရားမှ ပုဂံမြို့၏ နေဝင်ဆည်းဆာကို ကြည့်ရှုကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် အဖွဲ့ဝင်များသည် ရွှေနန်းရင်တော ကျောင်းတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာတော်မူကြပြီး ကန်တော့ပလ္လင် ဘုရားနှင့် မနူဟာဘုရားများသို့လည်း သွားရောက်ဖူးမြော်ကြည်ညိုတော်မူကြသည်။

ယင်းနောက်သံဃရာဇာဆရာတော်ကြီးများနှင့် သံဃာတော် အရှင်သူမြတ်များအား Diamond Palace Co., Ltd. ဥက္ကဋ္ဌ ဦးသိန်းသန်းနှင့် မိသားစုတို့က ဈေးချိုဟိုတယ်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော်အရှင်သူမြတ်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် အဖွဲ့ဝင်များသည် ပဥ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီကုသိုလ်တော်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အား လက်ယာရစ်လှည့်လည်ကြည်ညိုကြသည်။

## မန္တလေးမဟာမုနိဖူးမြော်

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များသည် မန္တလေးမဟာမုနိဘုရားသို့ ရောက်ရှိကြပြီး မဟာမုနိဘုရားအား ဖူးမြော်ကြည်ညိုကြကာ ရွှေသင်္ကန်းတော်ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များသည် ဆွမ်းဦးပုညရှင်ဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတောင်ရိုးရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်လေ့လာကြည့်ရှုတော်မူကြပြီး သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်သို့ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းတော်မူကြရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက လက်ခံတော်မူသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့မှ တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ ရန်ကုန်မြို့သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိတော်မူကြသည်။ **(သတင်းစဉ်)**



# အထက(၃)အင်းစိန် အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အထက(၃) အင်းစိန် ယခင်အောင်ဆန်းကျောင်းတွင် ၁၉၅၄ ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးစန်းမောင် ဖုန်း-၆၆၀၅၄၅၊ ဦးသောင်းဌေး ဖုန်း-၆၄၃၈၂၆၊ ဒေါ်ခင်မြဦး ဖုန်း-၃၉၀၃၆၀၊ ဒေါ်ရွှေစင် ဖုန်း-၆၆၂၀၂၉(ရုံးချိန်)၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်အေးအေးမော် ဖုန်း-၆၄၀၄၅၂(ရုံးချိန်အတွင်း)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ပူဇော်ပွဲအခမ်းအနားတွင်လည်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# သီရိလင်္ကာဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို၊ အလှူငွေများပေးအပ်လှူဒါန်း



ရန်ကုန် ဒီဇင်ဘာ ၁၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသည့် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီနှင့်ဇနီး မဒမ်ရှီရန်သီရာဂျာပက်(ခ်)စီတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့်ဇနီး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သူရ ဦးအောင်ထက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. D.M.M.Ranaraja နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို ကြသည်။**

ရှေးဦးစွာ ဧည့်သည်တော်သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ဖူးမြော်ကြည်ညို

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်အားလက်ယာရစ် တစ်ပတ်လှည့်လည်၍ စေတီတော်ရင်ပြင်တော်ပေါ်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်တန်ဆောင်းသို့ သွားရောက်ပြီး ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက်ဧည့်သည်တော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် စေတီတော် အရှေ့မြောက်ဘက်ရင်ပြင်တော်ပေါ်ရှိသာယာဝတီမင်း ခေါင်းလောင်းတော် သို့သွားရောက်၍ ခေါင်းလောင်းတော်အား တီးခတ်လှူလာကြသည်။

ထို့နောက်ဧည့်သည်တော် ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်၌ (၁၈၇၁)ခုနှစ်က မင်းတုန်းမင်းတရားကြီး တင်လှူခဲ့သော ထီးတော်ဟောင်းကြီးအား ကြည်ညိုလေ့လာကြသည်။

ယင်းနောက်ဧည့်သည်တော်ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီနှင့် ဇနီးတို့သည် စေတီတော်ရင်ပြင်တော်ပေါ်၌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ဇနီးတို့နှင့်အတူ အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဧည့်သည်တော်ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီအရှေ့ဘက် အာရုံခံ တန်ဆောင်း၌ ပန်း၊ဖယောင်းတိုင်၊အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်ပူဇော်ကြပြီး ဖူးမြော်ကြည်ညိုကြသည်။

## ရှင်းလင်းပြောကြား

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြပြီး ဂေါပကအဖွဲ့ဝင် ဦးခင်မောင်မြင့်က ရွှေတိဂုံစေတီနှင့် စိန်ဖူးတော်တို့၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

## ပေးအပ်လှူဒါန်း

ထို့နောက်ဧည့်သည်တော်ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီသည် ရွှေစေတီတော်တစ်ဆူနှင့် အမေရိကန်ဒေါ်လာ ၅၀၀ တို့ကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံယူပြီး ဧည့်သည်တော်ဝန်ကြီးချုပ်အား ရွှေတိဂုံစေတီတော် ပုံတူဓာတ်ပုံကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်တောင်ဘက်စောင်းတန်းမှ နံနက် ၉ နာရီတွင် ပြန်လည်ထွက်ခွာသွားကြသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မဟင်ဒါရာဂျာပက်(ခ်)စီနှင့်ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။**

(သတင်းစဉ်)

## ■ ကျောဖုံးမှ

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ တရားရုံးချုပ်တရားသူကြီး ဒေါက်တာ တင်အောင်အေး၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ကန်တော့ခံသက်ကြီး စာပေပညာရှင် ၆၆ဦးနှင့် ၎င်းတို့၏ မိသားစုများ၊ စာပေလောကမှ စာပေပညာရှင်များ၊ ပုဂ္ဂလိက စာပေနှင့်စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူး စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ တင်ထွန်းဦးက အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

## ဖတ်ကြားတင်ပြ

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းမောင်(သန်းမောင်)က မြန်မာနိုင်ငံစာဆိုတော်နေ့ သက်ကြီးပညာရှင် ပူဇော်ကန်တော့ပွဲကျင်းပရပုံအကြောင်းကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး) က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၏မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)က ကန်တော့ခံ သက်ကြီး စာပေပညာရှင်များ၏ အမည်စာရင်းကိုလည်းကောင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးအေးထွန်း (ထူးအောင်)က အလှူရှင်များစာရင်းကိုလည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ(တက္ကသိုလ်တင်ခ)က ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား ကန်တော့ပန်ကြားလွှာကို ဖတ်ကြားတင်ပြပြီး အခမ်းအနား တက်ရောက်လာကြသူများက သက်ကြီးစာပေပညာရှင်များကို လက်အုပ်ချီမိုး၍ ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ဒုတိယဝန်ကြီးနှင့်တာဝန်ရှိပုဂ္ဂိုလ်များက ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်များအား ကန်တော့ပစ္စည်းများနှင့် အလှူငွေများကို တစ်ဦးချင်းစီသို့ပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံသက်ကြီး စာပေပညာရှင်များကိုယ်စား ဆရာကြီး ဦးဗကလေး (ကာတွန်းဆရာကြီး ဦးဗကလေး)က ဩဝါဒစကားချွတ်ကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ တင်ထွန်းဦးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။



**၁၃၆၆ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားတွင် တက်ရောက်လာကြသူများက သက်ကြီး စာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ကြစဉ်။** (သတင်းစဉ်)





ယခုကျင်းပသော ၁၃၆၆ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့်သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲတွင် ကန်တော့ခံသက်ကြီးစာပေပညာရှင် ၁၀၉ ဦးရှိသည့်အနက် ၆၆ ဦး တက်ရောက် အပူဇော်ကန်တော့ခံယူကြပြီး ကျန်ရှိသော သက်ကြီးစာပေပညာရှင်များအား မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က အိမ်တိုင်ရာရောက် လိုက်လံ၍ ကန်တော့ပစ္စည်းများနှင့် အလှူငွေများဖြင့် ပူဇော်ကန်တော့မည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဩဝါဒစကားပြောကြား

**၁၃၆၆ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားတွင် ကန်တော့ခံ စာပေပညာရှင်ကြီးများကိုယ်စား ဆရာကြီးဦးဗကလေး (ကာတွန်း ဆရာကြီး ဦးဗကလေး)က ဩဝါဒစကား ပြောကြားစဉ်။**

(သတင်းစဉ်)

## ရတနာ့ဂူဏ်ရည်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြိတ်မြို့ရွှေပေးလမ်းမကြီး ရတနာ့ဂုဏ်ရည်ရိပ်သာ၌နဝမအကြိမ်မြောက် ခုနစ်ရက်တရားစခန်း ဝိပဿနာတရားပွဲကို ဒီဇင်ဘာ၁၂ရက်မှ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားအားထုတ်လိုသူ ယောဂီသူတော်စင်များသည် ဒီဇင်ဘာ ၂၆ရက် ညနေ ၅ နာရီတွင် ရတနာ့ဂုဏ်ရည်ရိပ်သာသို့ လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**(က-ပ)**

## တိမ်အသင့်အတင့်

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**



**၁၃၆၆ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)က ကန်တော့ပန်ကြားလွှာ ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဝန်ကြီးချုပ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်း ဗီဒီယိုတိပ်ခွေနှင့် ဓာတ်ပုံအယ်လ်ဘမ်တို့ကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

## (၁၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

✡ **ရှေ့ဖုံးမှ**

### တွေ့ဆုံနှုတ်ဆက်

ယင်းသို့ ပြန်လည် မထွက်ခွာမီ ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ကြိုဆိုကြပြီး လေဆိပ် အထူးဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဗီဒီယိုတိပ်ခွေနှင့် ဓာတ်ပုံအယ်လ်ဘမ်တို့ကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်သည်။

### ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ မဟင်ဒါရာဂျာပက်(ခ်)စီနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ဇနီး၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးသန်းထွန်း နှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. D. M. M. Ranaraja နှင့် ဇနီးနှင့် သံရုံးအဖွဲ့ဝင်များ၊ နိုင်ငံခြား ရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် သူရ ဦးအောင်ထက်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

## အရှေ့တောင်အာရှဒေသအတွင်း အဓိကစက်မှုလုပ်ငန်းများ စွမ်းအင်ထိရောက်စွာအသုံးချရေးနှင့် ချွေတာရေးအလုပ်ရုံဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၄

**မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာန အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာနနှင့် ဂျပန်နိုင်ငံ စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးဗဟိုဌာနတို့ ပူးပေါင်းကျင်းပသည့် “အရှေ့တောင်အာရှဒေသအတွင်း အဓိက စက်မှုလုပ်ငန်းများ၌ စွမ်းအင်ထိရောက်စွာအသုံးချရေးနှင့် ခြိုးခြံချွေတာရေးလုပ်ငန်းများ ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ”ဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ အာဆီယံ စွမ်းအင်ဆိုင်ရာဗဟိုဌာနမှ အမှုဆောင် ဒါရိုက်တာ၊ ဂျပန်နိုင်ငံ စွမ်းအင် ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးဗဟိုဌာနမှ ပညာရှင်များ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံရှိ အဓိက စက်မှုလုပ်ငန်းများမှ ပညာရှင်များနှင့်အတူ စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။



**“အရှေ့တောင်အာရှ ဒေသအတွင်း အဓိက စက်မှုလုပ်ငန်းများ၌ စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံ ချွေတာရေးလုပ်ငန်းများ ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ” ဖွင့်လှစ်ပွဲ အခမ်းအနားအပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။**

(စွမ်းအင်)

ဖွင့်ပွဲအခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဂျပန်နိုင်ငံ စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးဗဟိုဌာနမှ အစီအစဉ် ဦးဆောင်သူ Mr. Hideyuki Tanaka နှင့်အာဆီယံ စွမ်းအင်ဆိုင်ရာဗဟိုဌာနမှ အမှုဆောင် ဒါရိုက်တာ Dr. Weerawat Chantanakome တို့က အမှာစကား အသီးသီး ပြောကြားဖွင့်လှစ်သည်။

### ဖတ်ကြားတင်ပြ

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံမှ ရေနံနှင့် ရေနံဓာတုဗေဒလုပ်ငန်း၊ မလေးရှားနိုင်ငံမှ အထည်ချုပ်လုပ်ငန်း၊အင်ဒိုနီးရှားနိုင်ငံမှ ပျော့ဖတ်နှင့် စက္ကူလုပ်ငန်း၊ စင်ကာပူနိုင်ငံမှ စားသောက်ကုန်လုပ်ငန်း၊ဖိလစ်ပိုင်နိုင်ငံမှ သံမဏိစက်မှုလုပ်ငန်း စသည့် အဓိကစက်မှုလုပ်ငန်းများမှ ပညာရှင်ကိုယ်စားလှယ်များမှ စာတမ်းများ ဖတ်ကြားတင်ပြ ဆွေးနွေးပြီး အရှေ့တောင်အာရှဒေသအတွင်း အဓိကစက်မှုလုပ်ငန်းများ၌ စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ တိုးမြှင့်ဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဓီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာ၌ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၄

**မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာ ဓီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် အဆိုပါကျေးရွာ၌ကျင်းပရာ ပြင်ဦးလွင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမျိုးသန့်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က အမှာစကားပြောကြားပြီး မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွန်းက ဓီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖြစ်ပေါ်လာရခြင်းအကြောင်းကို ရှင်းလင်းသည်။

### ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသိန်းဆွေက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် ဇီးပင်ကြီးကျေးရွာဥက္ကဋ္ဌ ဦးသန်းထွန်းတို့က ဓီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး၍ စက်ရုံကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါဓာတ်အားပေးစက်ရုံကို ဇီးပင်ကြီးကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဒေသခံပြည်သူများ ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဇီးပင်ကြီးကျေးရွာအတွင်း နှစ်ပေမီးချောင်း ၂၄၅ ချောင်းနှင့် တီဗွီ ၁၅ လုံး လျှပ်စစ်ဓာတ်အားအသုံးပြုမီးပေးနိုင်ကြောင်းနှင့် ငွေကျပ် ၄၄၂၅၄၃၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၅–၁၂–၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၈း၁၀ | ၆။ | အရေးပြိုင်ပွဲ |
| ၈း၂၀ | ၇။ | ဆွာချောင်းရေလျှောင်တမံ |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | Demonstration Exercises for Correct Pronunciation |
| ၁၆း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ အထူးပြုများ) (ရူပဗေဒ) |
| ၁၇း၁၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ |
| ၁၇း၃၀ | ၇။ | ဂီတမဟာပျော်စရာ |
| ၁၇း၄၅ | ၈။ | စက်မှုတပ်ဆင်လုပ်ငန်းတွင် အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီ မင်းမော်ကွန်း (ဒါရိုက်တာ–ဝင်းထွန်းထွန်း) |
| ၁၇း၅၀ | ၉။ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၈း၀၅ | ၁၀။ | Discovery |
| ၁၈း၁၅ | ၁၁။ | တေးဂီတအစီအစဉ် |
| ၁၈း၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၄။ | မြန်မာစာ၊ မြန်မာစကား |
| ၁၉း၂၀ | ၁၅။ | တေးဂီတအစီအစဉ် |
| ၁၉း၃၅ | ၁၆။ | ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ |
| ၂၀း၁၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | ရိုးရာချစ်ခင်ယဉ်ကျေးမှုသဘင် |
| | ၂၁။ | မမှောင်သောအလင်း (အပိုင်း–၂) **“မိုးပြိုသောနေ့”** (ဖိုးသောကြာ၊ ဗျိုက်၊ ဇော်ဦး၊ ရတနာခင်၊ ခင်မို့မို့အေး၊ ရှုမဝစမ်းစမ်းအေး) (ဒါရိုက်တာ–သက်တင်) |

**မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က 2004 ASEAN Open Optimist Championship ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။**
(သတင်းစဉ်)



*✱ ကျောဖုံးမှ*

ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီတိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ International Optimist Dinghy Association (IODA) ဥက္ကဋ္ဌဟောင်း Mr. Albert Chandler နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အထွေထွေအတွင်းရေးမှူး ဦးမိုးမြင့်နှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီနှင့်ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပုသိမ်မြို့နှင့် ချောင်းသာ အခြေခံပညာကျောင်းများမှကျောင်းသားကျောင်းသူများ၊အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ စင်ကာပူနှင့် ထိုင်းနိုင်ငံ၊ အာရှနိုင်ငံများဖြစ်ကြသော ဂျပန်နိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ အသက် (၁၅)နှစ်အောက် ရွက်လှေပြိုင်ပွဲဝင်အားကစားအသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့်ပြိုင်ပွဲဝင် အားကစားမောင်မယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ညှို့ခံဖျော်ဖြေ**

ဖွင့်ပွဲအခမ်းအနား မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ ဧည့်သည်တော်များအား ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊'လသာရတနာ' တေးဂီတအဖွဲ့နှင့်တွဲဖက်၍ အနုပညာရှင်ကျောင်းသူလေးများက တေးသီချင်းများဖြင့် သီဆိုကပြ ညှို့ခံဖျော်ဖြေကြသည်။

ယင်းနောက် ရွက်လှေပြိုင်ပွဲဝင် အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ သီရိလင်္ကာ၊ စင်ကာပူ၊ ထိုင်းနှင့်အိမ်ရှင်မြန်မာနိုင်ငံအသင်းတို့က ဖွင့်ပွဲအခမ်းအနားကျင်းပမည့် သတ်မှတ်နေရာ အသီးသီးတို့တွင် နေရာယူကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကို လွှင့်တင်သည်။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားရာတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကာလ ၁၉၆၁ခုနှစ်ကတည်းက ရွက်လှေပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးထည့်သွင်းကျင်းပခဲ့သည့် သမိုင်းမှတ်တမ်းကိုဂုဏ်ယူစွာ ပြန်ပြောင်းတင်ပြလိုကြောင်း၊ ၁၉၆၉ ခုနှစ် ငါးကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲတွင်လည်း ငပလီကမ်းခြေ၌ ထပ်မံကျင်းပခွင့်ရခဲ့ကြောင်း။

**ပံ့ပိုးကူညီပေး**

မြန်မာနိုင်ငံ၏ ရွက်လှေသမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် ရန်ကုန်ရွက်လှေအသင်းကို ၁၈၂၄ ခုနှစ်ကတည်းက ရန်ကုန်မြို့ အင်းလျားကန်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည့်အတွက် နှစ်ပေါင်း ၈၀ ကြာမြင့်ခဲ့ပြီ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့် ရွက်လှေအားကစားဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်း၌သာမက ဒေသတွင်းနှင့် အာရှတိုက်တစ်ဝန်းတွင်ပါ လှုပ်ရှားဆောင်ရွက်ရန် အပြည့်အဝ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း။

**အိမ်ရှင်အဖြစ်ကျင်းပ**

Optimist ရွက်လှေ အမျိုးအစားကို ကမ္ဘာ့တိုက်ကြီး ခြောက်တိုက်ရှိ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ရာထောင်ချီသော အားကစားသမားများ စီးနင်းနေသည်ကို ဝမ်းမြောက်စွာ ကြားသိရသည့်အတွက် ပီတိဖြစ်မိကြောင်း၊ ဤရွက်လှေအမျိုးအစားသည်အသက် ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်မှစတင်ပြီး အသက်၁၅ နှစ်အထိ စီးနင်းနိုင်ရန် ပုံစံထုတ်ထားသည့် အမျိုးအစားဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်အနေဖြင့် ယင်းရွက်လှေအမျိုးအစားကို အခြေခံအတန်းအစားအဖြစ်သတ်မှတ်ပြီး ၁၉၉၁ခုနှစ်တွင် ရွက်လှေလေးစီးဖြင့် အစပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်မှ အစပြုပြီး ရာနှစ်ချီသော လူငယ်အားကစားသမားများကို ၁၃ နှစ်အတွင်း လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်ခါနီး ၁၉၉၆ခုနှစ်တွင် 9th ASEAN Open Optimist Championship ရွက်လှေပြိုင်ပွဲကို ရန်ကုန်မြို့အင်းလျားကန်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့ကြောင်း၊ ယင်းပြိုင်ပွဲကို အာဆီယံနိုင်ငံများအပြင် အာရှနိုင်ငံနှစ်ခုက အားကစားသမား ၅၀ ပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ မိမိတို့အနေဖြင့် ယခင်ပြိုင်ပွဲကဲ့သို့ပင် ယခုပြိုင်ပွဲကိုလည်း အိမ်ရှင်နိုင်ငံအဖြစ် ဝမ်းမြောက်ဂုဏ်ယူစွာ ထပ်မံကျင်းပခြင်းဖြစ်ကြောင်း။

မြန်မာလူမျိုးများသည် နိုးကြားတက်ကြွပြီး အကြင်နာတရား၊ မေတ္တာတရား လက်ကိုင်ထားတတ်သည့် လူမျိုးဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုကို ရယူတည်ဆောက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တည်ငြိမ်အေးချမ်းပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်မှုကို ဦးစားပေး ဆောင်ရွက်နေသည်နှင့်အညီ အားကစားလုပ်ငန်းများကိုလည်း အထူးအားပေးမြှင့်တင်လျက်ရှိကြောင်း။

**အာရှတိုက်သားချင်းရင်းနှီး**

အားကစားဆိုသည်မှာ ယဉ်ကျေးမှု၊ လူမျိုးအသားအရောင်၊ နိုင်ငံရေးအတားအဆီးများကင်းစင်ပြီး အာရှတိုက်မှ လူငယ်မောင်မယ်များ မြန်မာနိုင်ငံ၏ သာယာလှပသည့် ချောင်းသာကမ်းခြေ၌ စုဝေးရောက်ရှိနေကြခြင်းသည် ဝမ်းသာဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲကြီးက အာရှတိုက်သားအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးနားလည်မှုများ တိုးပွားစေလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာလူမျိုးတို့၏ နွေးထွေးယဉ်ကျေးပျူငှာမှုများကို ခံစားရင်း တစ်သက်တာ ပျော်ရွှင်ဖွယ်ရာ အမှတ်တရများ ရရှိပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် International Optimist Dinghy Association (IODA) ဥက္ကဋ္ဌ Mr.Rene Kluin ၏ နှုတ်ခွန်းဆက် သဝဏ်လွှာကို (IODA) ဥက္ကဋ္ဌဟောင်းဖြစ်သူ Mr. Albert Chandler က ဖတ်ကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က 2004 ASEAN Open Optimist Championship ရွက်လှေပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် တာဝန်ရှိသူများသည် ရွက်လှေပြိုင်ပွဲဝင် အားကစားမောင်မယ်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်အားပေးကြသည်။

ဆက်လက်၍ ဧည့်သည်တော်များအား ပုသိမ်မြို့ အမှတ်(၂)နှင့် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသူလေးများက ပဝါအလှသရုပ်ပြ၊ ချောင်းသာအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက ကဗျာလွတ်အက၊ ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသားလေးများက တင်းပုတ် အားကစားသရုပ်ပြနှင့် ပုသိမ်မြို့ အမှတ်(၁)နှင့် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသူလေးများက ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းသရုပ်ပြမှုတို့ဖြင့် တင်ဆက်ကြပြီး 2004 ASEAN Open Optimist Championship ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဆက်လက်ကျင်းပမည်**

အဆိုပါ ရွက်လှေပြိုင်ပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ အာရှနိုင်ငံများဖြစ်ကြသော ဂျပန်နိုင်ငံနှင့်သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ အသက်၁၅နှစ်အောက် ရွက်လှေအားကစားမောင်မယ် ၆၅ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဒီဇင်ဘာ၂၀ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရွက်လှေပြိုင်ပွဲကျင်းပမည့် ချောင်းသာကမ်းခြေတစ်လျှောက် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရွက်လှေအားကစားမောင်မယ်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ချောင်းသာကမ်းခြေမှ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

**မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် 2004 ASEAN Open Optimist Championship ပြိုင်ပွဲတွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)







**2004 ASEAN Open Optimist Championship ရွက်လှေပြိုင်ပွဲ ဖွင့်ပွဲတွင် International Optimist Dinghy Association ဥက္ကဋ္ဌ၏နှုတ်ခွန်းဆက်သဝဏ်လွှာကို Mr. Albert Chandler က ဖတ်ကြားစဉ်။**
(သတင်းစဉ်)

# တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဒုတိယဝန်ကြီးဦးမြင့်သိန်း တန် ၃၀၀၀ ကျောက်စိမ်းတုံးကြီးထိန်းသိမ်းမှုများကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် မြန်မာ့ကျောက် မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူးဦးသိန်းဆွေနှင့်အတူ ဒီဇင်ဘာ ၉ ရက်တွင် မြစ်ကြီးနားမြို့နယ် နမ့်ယားဆိပ် ပတ္တမြားမြေသို့ရောက်ရှိပြီး လုပ်ကွက်များ၌ ပတ္တမြားတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၀ရက်တွင် ဖားကန့်မြို့နယ် နမ့်မော်ဒေသရှိ တန် ၃၀၀၀ ကျောက်စိမ်းတုံးကြီး တည်ရှိရာသို့ရောက်ရှိကြပြီး ကျောက်စိမ်းတုံးကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တည်ဆောက်ပြုပြင် ထိန်းသိမ်းမွမ်းမံဆောင် ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ဆက်လက်၍ဒုတိယဝန်ကြီးသည် တာဝန်ရှိအင်ဂျင်နီယာများအား လုပ်ငန်းများ လျင်မြန်စွာပြီးစီးရေးနှင့် လိုအပ်သည်များကို ဆောင်ရွက်ရန် မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၁၁ ရက်တွင် လုံးခင်းကျောက်စိမ်း ရုံးခွဲရှိ ဝန်ထမ်းများအား တွေ့ဆုံမှာကြားကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**


**ပဥ္စမအကြိမ်**

**မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများညီလာခံ**

(၁၅–၁၂–၂၀၀၄) မှ

(၁၇–၁၂–၂၀၀၄)

**ကျိုက္ကဆံကွင်း၊ ပြည်ထောင်စုခန်းမ**

# ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဖြည့်ဆည်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၄

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်သည် ကယားပြည်နယ်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်စွာမင်းနှင့်အတူ ဒီဇင်ဘာ၁၃ရက် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက်ရှိ ခွာညိုလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်က ဒေသများအားလုံးဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။**

ထို့နောက် ပြည်နယ်အတွင်းရေးမှူး ဦးကျော်ဆွေ၊ အမှုဆောင်အရာရှိ ဦးတင်ဝင်း၊ ရပ်မိရပ်ဖ ဦးထွန်းအေးဟန်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

## စီမံဆောင်ရွက်ပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင် လွိုင်ကော်မြို့ ဒေါနိုကူးရပ်ကွက်ရှိ ဒေါတမန်ရပ်ကွက်နှင့် ဆက်သွယ်ထားသည့် အရှည် ၂၂၀ပေရှိ ဘီလူးချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လိုအပ်သည်များ စီမံဆောင်ရွက်ပေးသည်။

## ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မင်္ဂလာရပ်ကွက် ကိုယ့်အားကိုယ်ကိုး အလင်းရိပ်မြိုစာဖတ်အသင်း စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ကြသည်။ စာကြည့်တိုက်အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခင်ဝင်း၊ ပြည်နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးလူရယ်ဖိုးသူ၊ စာကြည့်တိုက်တာဝန်ခံ ဦးအောင်စိုးတို့ကဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့က စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်၊ စာစောင် များ ပေးအပ်လှူဒါန်းသည်။

ဒီဇင်ဘာ၁၄ရက် နံနက်ပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြည်နယ်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်စွာမင်းနှင့်အဖွဲ့သည် လွိုင်ကော်မြို့နယ် နွားလပိုးကျေးရွာအုပ်စု လွယ်တွဲကျေးရွာရှိ ဆောက်လုပ်ဆဲမူလတန်းကျောင်းသို့ ရောက်ရှိပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့ထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်( ၁၀၇၉၁ )တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

---

# တပ်မတော်(လေ)နှစ်ပတ်လည်မဂ္ဂဇင်းဖြန့်ချိ



**ရန်ကုန် ဒီဇင်ဘာ ၁၄**

တပ်မတော်(လေ)နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် တပ်မတော်(လေ)၏ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးများအတွက် စွမ်းစွမ်းတမံဆောင်ရွက်မှုသမိုင်းမှတ်တမ်းများနှင့်အတူ ကဗျာများ၊ သမိုင်းမှတ်တမ်း၊ လေကြောင်းပညာ၊ အထွေထွေ၊ ဆေးပညာ၊ ဝတ္ထု၊ ကာတွန်းနှင့် ဟာသ ကဏ္ဍစုံလင်စွာဖြင့် ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(ဝဲပုံ)**

**(က-ပ)**

---

# လုပ်သားကောလိပ်(ရှပဗေဒ) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

၁၉၇၂-၇၇ခုနှစ် ပညာသင်နှစ် လုပ်သားများကောလိပ် ရှပဗေဒ အဓိက ကျောင်းသူ ကျောင်းသားများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၁၆ ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် အမှတ်၁၅/ခ ပြည်ထောင်စုလမ်း ဗဟန်းမြို့နယ်ရှိ AIT (Early Learning Centre) ၌ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများကို ဦးကျော်သူ ဖုန်း-၂၅၆၆၀၂၊ ဦးစိန်သန်း ဖုန်း-၅၇၉၉၂၆၊ ဦးတင်အေး ဖုန်း-၆၆၆၇၁၈နှင့်ဒေါ်ခင်ခင်လှ ဖုန်း-၅၄၀၇၀၉ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

---

# သံတွဲမြို့နယ်၌စာကြည့်တိုက်များဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ သံတွဲမြို့နယ် ဘုရားမော်ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ၇ရက်က ချင်းတွင်းကျေးရွာရုံးနှင့် မွန်းလွဲပိုင်းတွင် ဘုရားမော်ကျေးရွာရုံးတို့၌ ကျင်းပသည်။

အခမ်းအနားတွင် သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင့်ရွှေနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသိန်းချိုတို့က စာကြည့်တိုက်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခရိုင်ဦးစီးအရာရှိ ဦးတင့်ရွှေက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးတင့်ရွှေက ချင်းတွင်းကျေးရွာ စာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ်အုပ် ၅၀နှင့် ဘုရားမော်ကျေးရွာစာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ်အုပ် ၅၀တို့ကို ကျေးရွာစာကြည့်တိုက်ကော်မတီများထံ ပေးအပ်လှူဒါန်းသည်။

နိုဝင်ဘာ၆ရက် ည၇နာရီတွင် ဘုရားမော်ကျေးရွာအုပ်စု ဆူးပုတ်ကုန်းကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်၌ ခရိုင်ဦးစီးအရာရှိ ဦးတင့်ရွှေက ပညာဘဏ်တိုက်စာကြည့်တိုက်အကြောင်း ရှင်းလင်းဟောပြောခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

---

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

၂၀၀၄ခုနှစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲကိုနိုဝင်ဘာ ၃၀ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ် ဝက်ထီးကန် အမှတ် (၂) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း သေနတ်ပစ်ကွင်းတွင်ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ် ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုးနှင့် တာဝန်ရှိသူများ၊ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်စိုးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၄၂ သင်း တို့မှ ပြိုင်ပွဲဝင်အသင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရဲထောက်ချုပ် ရဲမှူးချုပ် ဝင်းစိုးက ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲများကို ဒီဇင်ဘာ၁ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**မင်္ဂလာဒုံမြို့နယ် မူလတန်းဆင့် ပဉ္စမအကြိမ် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဒီဇင်ဘာ၇ရက်မှ ၈ရက်အထိ အလက(၉) မင်္ဂလာဒုံတွင် ကျင်းပရာ ပထမဆုရရှိသော အမက(၃၅) အသင်းအား ကျောင်းအုပ်ဆရာကြီး ဦးသောင်းထွန်းက ဆုချီးမြှင့်စဉ်။**

(က-ပ)



---

# ပုလောမြို့နယ်အသင်းနှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၂၉ရက်(စနေနေ့)တွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းကို နှစ်ချင်းပေါက်ဂုဏ်ထူးဖြင့်အောင်မြင်ကြသည့် ပုလောမြို့နယ်အသင်းဝင်သားသမီးများ၊ အသင်းဝင်မိသားစုများမှ အသက်၇၅နှစ် ပြည့်ပြီးဖြစ်သည့် အဘိုးအဘွားများ ဒီဇင်ဘာ၃၁ရက်နောက်ဆုံးထားစာရင်းပေးပို့ရန်နှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသည့် အသင်းဝင်သားသမီးများ၊ ၂၀၀၅ခုနှစ် အသင်းအမှုဆောင်အဖြစ်ပါဝင်ဆောင်ရွက်လိုသည့် အဆိုပြုလွှာများ၊ သင်းလုံးကျွတ် အစည်းအဝေးတွင် အကြံပြုစာများကို ဇန်နဝါရီ ၁၅ရက်နောက်ဆုံးထား၍ အသင်းရုံးသို့ အထောက်အထားများနှင့်ပေးပို့ကြရန်နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

---




# အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကကြီးမှူးကျင်းပသည့် (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ညီလာခံကြီးကို ဒီဇင်ဘာ၁၈ရက်မှ ၁၉ရက်ထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

## နှိုးဆော်ထား

အစည်းအဝေးတွင် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းဝင်များတက်ရောက်နိုင်ရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံးခန်းတည်ရှိရာ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ(အိုင်စီတီ) အဆောင်၆၊ အခန်း၅ ဖုန်း-၆၅၂၂၉၄၊ ၆၅၂၂၉၅ တို့တွင် ကြိုတင်စာရင်း ပေးသွင်းကြရန်ကျင်းပရေးကော်မတီက နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

---

# လမ်းမတော် အလက(မင်းလှ) ဆရာကန်တော့ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် မင်းလှမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း (လမ်းမတော်) တွင် ပညာသင်ကြားပေးခဲ့ကြပြီး အငြိမ်းစား ယူသွားခဲ့ကြသော ဆရာဆရာမကြီးများအား ကျောင်းသားဟောင်းများ၏(ဒုတိယအကြိမ်) ပူဇော်ကန်တော့ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက်၉နာရီတွင် အလက (လမ်းမတော်)၌ ကျင်းပမည်ဖြစ်သည်။ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ပူဇော်ကန်တော့ပွဲသို့တက်ရောက်ကြရန်နှင့် ကိုလှဝင်း ဖုန်း-၀၁-၅၁၀၈၅၈၊ မခင်အေးဝင်း ဖုန်း-၀၁-၅၁၂၄၂၇၊ ဒေါက်တာဝင်းမြင့်ဖုန်း-၀၅၃-၃၀၂၁၄ နှင့် ဦးကျော်ဇေယျ ဖုန်း-၀၅၃-၃၀၀၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

---

**စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့**

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

# ကျောက်ဖြူမြို့သည် အရေးပါသည့် ပင်လယ်ရေနက်ဆိပ်ကမ်းတစ်ခုဖြစ်လာမည် ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးလာပြီး စီးပွားရေး ကောင်းမွန်တိုးတက်တော့မည်

ရန်ကုန် ဒီဇင်ဘာ ၁၄

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် လေကြောင်းခရီးဖြင့် ဒီဇင်ဘာ ၉ရက် နံနက်ရနာရီ၁၅မိနစ်က ရန်ကုန်မြို့မှ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ကျောက်ဖြူမြို့နယ်မှ ဗိုလ်မှူးကြီးအောင်သော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့်အတူ နံနက် ၈နာရီခွဲတွင် ကျောက်ဖြူမြို့ရှိ ရမ္မာဝတီခန်းမ၌ ကျောက်ဖြူခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ကျောက်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်လှိုင်က မြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ ဖွဲ့စည်းပုံ၊ လူဦးရေ၊ ရာသီဥတု၊ တရားဥပဒေစိုးမိုးရေးအခြေအနေ၊ စိုက်ပျိုးရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားများအခြေအနေနှင့် ဒေသဆိုင်ရာ အချက်အလက်များကို အသေးစိတ် ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်နှင့် ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**အမှာစကားပြောကြား**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ယနေ့ မိမိအနေဖြင့် ကျောက်ဖြူဒေသသို့ လာရောက်ခဲ့ခြင်းမှာ နယ်မြေဖွံ့ဖြိုးရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်နှင့် ဤဒေသအတွင်း ဆန်ဖူလုံရေးအတွက် စပါးစိုက်ဧကတိုးချဲ့ စိုက်ပျိုးကြရန်ကို အဓိကမှာကြားလို၍ ဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသဆန်ဖူလုံရေး အတွက် စပါးစိုက်ဧက ၆၀၀၀အထိ တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးမြေများဖော်ထုတ်ရေးအတွက် စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊အထွက်နှုန်းကောင်းမွန်စေရန် နည်းလမ်းလေးသွယ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အဓိကသီးနှံ ၁၀မျိုး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ တိုးချဲ့ စိုက်ပျိုးရေးနှင့် မိုးစပါးအပြင် နွေစပါးကိုပါ စိုက်ပျိုးရေး ကြိုးစားဆောင်ရွက် ကြရမည် ဖြစ်ကြောင်း၊ အမယ်သစ် သုံးမျိုးအနက် ငရုတ်ကောင်းကို အပင်သုံးသိန်းအထိ စိုက်ပျိုးနိုင်ရန် တာဝန်ရှိသူများက ပံ့ပိုးဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း၊ ငရုတ်ကောင်းစိုက်ပျိုးရာတွင် သစ်တောများ ရှိသည့် နေရာများ၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခြင်း၊ မိမိတို့ အိမ်ခြံမြေများနှင့် ရပ်ရွာများအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းနှင့် သိပ္ပံနည်းကျ ခြံဝင်းများဖြင့် စိုက်ပျိုးခြင်းဖြင့် တိုးချဲ့စိုက်ပျိုး၍ ရခိုင်ပြည်နယ်သည် ငရုတ်ကောင်းပြည်နယ် ဖြစ်ရမည် ဟူသော ဂုဏ်ကို မြှင့်တင်ထိန်းသိမ်းသွားကြရမည် ဖြစ်ကြောင်း၊ နှစ်ရှည်ပင်များဖြစ်ပြီး ဒေသနှင့်ကိုက်ညီမည့် သစ်ဆိမ့်နှင့် ရော်ဘာများကိုလည်း တိုးချဲ့စိုက်ပျိုးရန်နှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ရော်ဘာကို စီမံချက်ရေးဆွဲပြီး စိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း၊ ကျောက်ဖြူမြို့သည် မကြာမီ ကာလတွင် အရေးပါသည့် ပင်လယ်ရေနက်ဆိပ်ကမ်းဒေသ တစ်ခုအဖြစ်သို့ ဖြစ်ပေါ်လာမည်ဖြစ်ပြီး နိုင်ငံတော်က လိုအပ်သည့် စီမံမှုများကို ဆောင်ရွက်နေကြောင်း၊ ထို့အပြင် မကြာမီ ရန်ကုန်-ကျောက်ဖြူကားလမ်းမကြီးပေါ်ပေါက်လာတော့မည်ဖြစ်၍ ဤဒေသတွင် ကူးသန်းရောင်းဝယ်မှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာပြီး စီးပွားရေးလည်းပိုမိုကောင်းမွန် လာတော့မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနဆိုင်ရာ တာဝန်များနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေး အတွက် လုပ်သင့်လုပ်ထိုက်သည်များကို တာဝန်နှင့် စေတနာ ပေါင်းစပ်ကာ စည်းကမ်းတကျ ဖြင့် မူဘောင်နှင့် အညီ ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ စိမ်းလဲ့ညိုပျိုးဥယျာဉ်သို့ သွားရောက်ကြပြီး ငရုတ်ကောင်းစံပြပျိုးခင်းကို ကြည့်ရှုစစ်ဆေးရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်က ရှင်းလင်းပြသသည်။

စိမ်းလဲ့ညိုပျိုးဥယျာဉ်၌ ငရုတ်ကောင်းပျိုးပင်ပေါင်း သုံးသောင်းနှင့် ကြက်စနဲ (ကျောက်ပိန္နဲ)ပျိုးပင် ၂၂၀၀၀ တို့ကို စိုက်ပျိုးထားရှိကြောင်းသိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နယ်မြေခံတပ်ရင်း သတိုးမဟာဗန္ဓုလခန်းမ၌ ကျောက်ဖြူ တပ်နယ်အတွင်းရှိ အရာရှိစစ်သည်မိသားစုများနှင့် တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးမှ တပ်ရင်းတပ်ဖွဲ့အလိုက် မိသားစု ဝင်ငွေတိုးရေး၊ သက်သာချောင်ချိရေးလုပ်ငန်းများအဖြစ် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး အရာရှိစစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြပြီး ဆေးသိုလှောင်ခန်း၊ သားဖွားမီးယပ်ဆောင်၊ ခွဲစိတ်ကုသဆောင်၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် သွားဘက်ဆိုင်ရာ ဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းစံအောင်နှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဆေးရုံအုပ်ကြီး၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံ တိုးတက်ကောင်းမွန်ရေး၊ သန့်ရှင်းရေးစသည့် လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

**ကြည့်ရှုစစ်ဆေး**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကျောက်ဖြူမြို့ စိမ်းလဲ့ညိုပျိုးဥယျာဉ်၏ စံပြပျိုးခင်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)





# e-Education Learning Centre များရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများပြုပြင်ထိန်းသိမ်းရေး သင်တန်းဖွင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၄

**ပညာရေးဝန်ကြီးဌာနနှင့် Forever Group, Myanmar World Distribution Co.,Ltd.တို့ ပူးပေါင်းစီစဉ်သည့် e-Education Learning Centre များရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီက ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း တက်ရောက်၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင် မျိုးမင်းက e-Education Learning Centreများရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

**စာတွေ့လက်တွေ့**

အဆိုပါသင်တန်းကို ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ၂၀၀၅ခုနှစ် ဇန်နဝါရီ ၃ရက်မှ ဖေဖော်ဝါရီ ၂၈ရက် အထိမြန်မာနိုင်ငံ ပညာရေးသုတေသန အဖွဲ့ဦးစီးဌာန ပင်မထုတ်လွှင့်ရေး ဌာနမှ e-Education Learning Centre များသို့ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၏ ပို့ချချက်များ တိုက်ရိုက်ထုတ်လွှင့် ပို့ချပေးရာတွင် စဉ်ဆက်မပြတ်သင်ယူနိုင်ရန်နှင့် တည်ထောင်ပြီးသော e-Education Learning Centreများအား အကျိုးရှိထိရောက်စွာ ရေရှည်အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလ ခြောက်ရက်အတွင်း စာတွေ့ လက်တွေ့ ပို့ချပေးသွားမည် ဖြစ်သည်။

**(သတင်းစဉ်)**

# ဘိုကလေးမြို့ အထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ဘိုကလေးမြို့နယ် အထက (၁) စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အောင်ဆန်းခန်းမတွင် ၂၀၀၅ခုနှစ် ဇန်နဝါရီ ၉ရက် ညနေ ၄နာရီတွင် ကျင်းပမည် ဖြစ်ရာ တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများထံ သီးခြားဖိတ်စာ ပေးပို့ထားပြီး ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် အလှူပစ္စည်းများကို ဦးတင်မောင်မြင့် (အတွင်းရေးမှူး) ဘိုကလေးမြို့နယ် အသင်း (ရန်ကုန်) ဖုန်း- ၂၁၂၅၀၈၊ ဦးမောင်မောင်အေး ဥက္ကဋ္ဌ (ဆန်ကုန်စည်ဒိုင်)၊ ဖုန်း-၆၈၁၃၄၀၊ ဦးသိန်းဟံ (ဥက္ကဋ္ဌ) အသင့်ရေယာဉ်ရုံး၊ ဘိုကလေးမြို့ ဖုန်း-၃၈၀၀၂၀၊ ၃၈၀၀၂၁၊ ဦးမြသိန်း မြသိန်းပရိဘောဂ၊ ဘိုကလေးမြို့ ဖုန်း-၀၄၅-၂၁၂၄၃ တို့သို့ လှူဒါန်းနိုင်ပြီး ဘိုကလေးမြို့နယ်အသင်း နှစ်(၅၀) ပြည့် ရွှေရတုပွဲတော်သွားရေယာဉ်ဖြင့် ဇန်နဝါရီ ၈ရက် နံနက် ၇နာရီတွင် မော်တင်ဆိပ်ကမ်းမှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



**မင်္ဂလာတောင်ညွန့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကိုယ့်အားကိုယ်ကိုး သပြေစာကြည့်တိုက်ဖွင့်ပွဲနှင့် ရေရှည်တည်တံ့ရေး အထောက်အကူပြု ဆွေးနွေးပွဲကို နိုဝင်ဘာ ၉ရက်က သပြေကုန်းရပ်ကွက်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကို၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြမြ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအုန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

(မြို့နယ် ပြန်/ဆက်)

# မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ပဲခူးမြို့ ဥဿာမြို့သစ် (၆)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ သီရိမင်္ဂလာဝင်္ကပါ ဘုရားကျောင်း မိုးကုတ်ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ခွဲ(၂၉၈)မှ (၄၅)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကို ဒီဇင်ဘာ၂၇ရက်မှ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ရက်အထိ ဆရာတော် ဦးတိလောကနှင့် ဦးဉာဏိန္ဒတို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားမည်ဖြစ်ရာ ဒီဇင်ဘာ၂၆ရက် ညနေ၄နာရီအရောက် လာရောက် သတင်းပေးပို့ရန် နှိုးဆော်ထားသည်။ **(က-ပ)**

# နိုင်ငံတကာအဆင့်မီ အမျိုးသားကြက်တောင် အားကစားခန်းမဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အမျိုးသားကြက်တောင်အားကစားခန်းမ ဖွင့်လှစ်ခြင်းနှင့် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၂ရက်တွင် လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းရှိ အဆိုပါခန်းမသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းနှင့် မောင်ဝိတ်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမောင်ဝိတ်တို့က အမျိုးသားကြက်တောင် အားကစားခန်းမ အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသားကြက်တောင် အားကစားခန်းမ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။



**အလျား ၁၃၄ပေ၊ အနံ ၁၀၃ပေ၊ အမြင့် ၁၀၄၂ပေရှိပြီး အထပ်သုံးထပ်ပါရှိသည့် ကြက်တောင်အားကစားခန်းမသစ်ကြီးကို ဖွင့်ပွဲအပြီး ဒီဇင်ဘာ ၁၂ရက်က ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။**

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

### လွှဲပြောင်းပေးအပ်

ထို့နောက် အမျိုးသား ကြက်တောင်အားကစားခန်းမနှင့် ရှစ်ထပ်ဝန်ထမ်းအဆောက်အအုံကို မောင်ဝိတ်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမောင်ဝိတ်က အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်အား လွှဲပြောင်းပေးအပ်သည်။

အမျိုးသားကြက်တောင်အားကစားခန်းမကို မောင်ဝိတ်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခဲ့ပြီး ကျပ်သိန်း ၁၂၀၀၀ ကုန်ကျခဲ့သည်ဟု သိရသည်။ ယခုဖွင့်လှစ်လိုက်သော အမျိုးသားကြက်တောင်အားကစားခန်းမသစ်ကြီးသည် နိုင်ငံတကာအဆင့်မီ ကြက်တောင်အားကစားရုံကြီးဖြစ်ပြီး အထပ်သုံးထပ်ပါရှိကာ ဓာတ်လှေကားတစ်စင်း ပါရှိသည်။ မြေညီထပ်တွင် ယာဉ်ရပ်နားစခန်း၊ ဧည့်ခန်း၊ အားကစားပစ္စည်းဆိုင်၊ ရုံးခန်းတစ်ခန်း၊ ပထမထပ်တွင် လေ့ကျင့်ရေးကွင်းလေးကွင်း၊ လူ ၂၀၀ ဆံ့ ပွဲကြည့်စင်၊ အဝတ်လဲခန်း နှစ်ခန်း၊ ဒုတိယထပ်တွင် ပြိုင်ပွဲကွင်း သုံးကွင်း၊ အထူးတန်းခုံ ၃၂ခုံ၊ လူ၃၄၂ ဦးဆံ့ ပွဲကြည့်စင်၊ အဝတ်လဲခန်း၊ အစည်းအဝေးခန်းမ၊ နားနေခန်း၊ ရုံး ခန်းများ ပါရှိသည်။ လေအေးပေးစက်များကိုလည်း တပ်ဆင်ထားသည်။ ထို့ပြင် ကြက်တောင်အားကစားခန်းမ နောက်တွင် အားကစားသမားများနှင့် ဝန်ထမ်းများ နေထိုင်ရန် နှစ်ခန်းတွဲ ရှစ်ထပ် ဝန်ထမ်းအိမ်ရာကိုလည်း ဆောက်လုပ်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တောင်ကြီးကောလိပ် ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

တောင်ကြီးကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူများက တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာကြီး ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများအား ဒီဇင်ဘာ ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် Y.M.C.Aခန်းမ၌ ပူဇော်ကန်တော့ပွဲကျင်းပမည်ဖြစ်သည်။

### ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေ ပါဝင်လှူဒါန်းလိုသူများသည် ဦးမြင့်လွင်ခိုင် ဖုန်း-၃၇၄၅၅၀၊ ဦး Melvinကျော်သက် ( မန္တလေး) ဖုန်း-၀၉၉၀-၆၄၂၉၉၊ ဦးကျော်မြင့် ဖုန်း-၃၇၁၃၉၇၊ ဒေါ်ခင်မြတ်သူ ဖုန်း-၀၉၈၀-၃၄၇၉၈၊ ဒေါ်ချိုမာရီ ဖုန်း-၇၂၅၄၂၇၊ ဦးသာဉာဏ် ဖုန်း-၂၉၄၀၀၃၊ ၀၉၈၀-၃၃၄၄၆၊ ဦးဝင်းလွင်-ဒေါ်မီမီချမ်း (တောင်ကြီး)၊ ဒေါ်နယ်လီထွန်း(မန္တလေး) ဖုန်း-၀၂-၃၃၉၈၉၊ ဦးအောင်မွန်(လယ်ဝေး)၊ ဒေါ်စိန်စိန်မြင့်(ကျောက်မဲ)၊ ဒေါ်သန်းသန်းဝေ(တပ်ကုန်း)၊ ဒေါ်ခင်ရီ(ပျော်ဘွယ်)နှင့် ဦးတင့်ရှိန်(ပျဉ်းမနား) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# ကမ္ဘာတစ်လွှားအားကစား

## ချယ်လ်ဆီး၊ အာဆင်နယ်နှင့်မန်ယူ သရေကျချိန် အဲဗာတန်အသင်း အောင်ပွဲခံ

**လန်ဒန် ဒီဇင်ဘာ ၁၄**

ပရီမီယာလိဂ်ပွဲစဉ်(၁၇)ပြိုင်ပွဲများကို အင်္ဂါနေ့က ကျင်းပခဲ့ရာ အဲဗာတန်အသင်းနှင့် လီဗာပူးတို့ပွဲတွင် အဲဗာတန်က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

အဲဗာတန်အသင်းသည် လီကာစလီ၏ တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် လီဗာပူးကိုအနိုင်ရရှိရန် ငါးနှစ်ကြာ စောင့်ဆိုင်းနေရမှုမှာ အဆုံးသတ်သွားပြီဖြစ်သည်။ ယင်းအနိုင်ရမှုကြောင့် အဲဗာတန်တို့သည် ၁၇ပွဲကစားပြီး ရမှတ် ၃၆မှတ်ဖြင့် ဇယား၏ ဒုတိယနေရာတွင် အောင်လံစိုက်ထူလိုက်ပြီဖြစ်သည်။

### ချယ်လ်ဆီးနှင့် အာဆင်နယ်

ပရီမီယာလိဂ်ထိပ်သီးနှစ်သင်းဖြစ်သော ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် တစ်ဖက်နှင့်တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့သည်။

ချယ်လ်ဆီးနှင့် အာဆင်နယ်တို့သည် တစ်မှတ်စီသာ ထပ်တိုးနိုင်ခဲ့ကြသည်။ ချယ်လ်ဆီးက ရမှတ် ၄၀၊ အာဆင်နယ်က ရမှတ် ၃၅မှတ် ရရှိထားသည်။

### မန်ချက်စတာယူနိုက်တက်နှင့် ဖူဟမ်

မန်ချက်စတာယူနိုက်တက်အသင်းနှင့် ဖူဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင်လည်း တစ်ဖက်တစ်ဂိုးစီ အပြန်အလှန်သွင်းခဲ့ကြ၍ အမှတ်ပြည့်မရဘဲ သရေပွဲနှင့်ကျေခဲ့ရသည်။ မန်ယူသည် ယင်း၏ စတုတ္ထနေရာမှ မတက်နိုင်သေးဘဲ ရမှတ် ၃၁မှတ်ဖြင့် ရပ်တည်လျက်ရှိသည်။

ခရစ္စတယ်ပဲလေ့စ်နှင့် ဘလက်ဘန်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမရှိဖြင့် အဆုံးသတ်ခဲ့ကြသည်။

မန်စီးတီးအသင်းနှင့် တော့တင်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ရှိဟန်ရစ်ကက်နှင့် ရော်ဘီကိန်းတို့သည် ယင်းတို့၏ အခွင့်အလမ်းကောင်းများ တော့တင်ဟမ်အသင်းအတွက် မလုပ်ပေးနိုင်သော်လည်း ၅၇မိနစ်တွင် ဖရက်ဒီကာနော့တီက အိမ်ပြန်လက်ဆောင်ဂိုး သွင်းယူပေးလိုက်သည်။

နယူးကာဆယ်အသင်းနှင့် ပို့စ်မောက်အသင်းတို့တွေ့ဆုံကြရာ ပွဲစပြီး သုံးမိနစ်တွင် လီဘောင်ယာက နယူးကာဆယ်အသင်းအတွက် ဖွင့်ဆော်ဦးဂိုးသွင်းပေးခဲ့သော်လည်း စတီဗီစတုန်းက ၃၁ မိနစ်တွင် ပြန်လည်ချေပဂိုးသွင်းယူခဲ့၍ သရေပွဲဖြစ်သွားသည်။

နော့ဝှစ်နှင့် ဘော်လ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် တစ်ဖက်နှင့်တစ်ဖက် ပယ်နယ်တီတစ်ဂိုးစီရရှိခဲ့ကြသည်။ သို့ရာတွင် နော့ဝှစ်က သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ခဲ့သည်။

### ဆောက်သမ်တန်နှင့် မစ်ဒယ်ဘရော့

ဆောက်သမ်တန်အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ဆောက်သမ်တန်အသင်းက နှစ်ဂိုးအသာဖြင့် ကစားနိုင်ခဲ့သော်လည်း မစ်ဒယ်ဘရော့က ပွဲပြီးရန်တစ်မိနစ်အလိုတွင် နှစ်ဂိုးဆက်တိုက်သွင်းယူသွား၍ သရေပွဲဖြစ်သွားသည်။

ချာလ်တန်နှင့် ဝက်စ်ဘရွန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ချာလ်တန်က မက်သရူးဟော်လန်၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရသွားသည်။ ။



**အာဆင်နယ်တိုက်စစ်မှူးဟင်နရီ ချယ်လ်ဆီးအသင်းဘက်သို့ ဂိုးသွင်းယူလိုက်စဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အောင်မင်္ဂလာစံပယ်ကျောင်း အသံမစဲပဋ္ဌာန်းပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် အောင်မင်္ဂလာစံပယ်ကျောင်းတွင် သာသနာပြုဆရာတော် ဦးသာသန ဦးစီး၍ ဆရာတော်သံဃာတော်များက ဒီဇင်ဘာ၁၅ရက်မှ ၁၉ရက်အထိ ငါးရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပမည်ဖြစ်ပြီး ပဋ္ဌာန်းပွဲ နောက်ဆုံးနေ့တွင် ဒါယကာ ဒါယိကာမများ စုပေါင်းလှူဒါန်းထားသော လှူဖွယ်ဝတ္ထုအစုစုကို ရေစက်သွန်းချ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

# အာဆီယံ တိုက်ဂါးဖလားအုပ်စု(ခ) ပွဲစဉ် မလေးရှားက ထိုင်းအသင်းကို တစ်ဂိုးအသာဖြင့်နိုင်

Tiger Cup
ASEAN FOOTBALL CHAMPIONSHIP 2004

**ရန်ကုန် ဒီဇင်ဘာ ၁၄**

(၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဘူကစ်ဂျာလီအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

### ဖိလစ်ပိုင်အနိုင်ရရှိ

ပထမပွဲစဉ်အဖြစ် အရှေ့တီမောအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဖိလစ်ပိုင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

### မလေးရှားအနိုင်ရရှိ

ဒုတိယပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ အိမ်ရှင်မလေးရှားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပထမပိုင်း၌ထိုင်းအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် မလေးရှားအသင်းက ချေပဂိုးနှင့် အနိုင်ဂိုး သွင်းယူနိုင်သဖြင့် ပွဲအပြီးတွင် အိမ်ရှင်မလေးရှားအသင်းက အနိုင်ရရှိသွားခြင်းဖြစ်သည်။

### အုပ်စု(ခ)ရပ်တည်မှု

အုပ်စု(ခ)တွင် မလေးရှားအသင်းက သုံးပွဲနိုင်၊ တစ်ပွဲရှုံး(၉)မှတ်၊ မြန်မာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ(၇)မှတ်၊ ထိုင်းအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး(၄)မှတ်၊ ဖိလစ်ပိုင်အသင်းကတစ်ပွဲနိုင်၊ နှစ်ပွဲရှုံး(၃)မှတ်ရရှိထားပြီး အရှေ့တီမောအသင်းက သုံးပွဲရှုံးအမှတ်မရသေးပေ။

အုပ်စု(ခ)ပွဲစဉ်များမပြီးဆုံးသေးသော်လည်း အိမ်ရှင်မလေးရှားအသင်း အကြိုဗိုလ်လုပွဲ တက်ရောက်သွားပြီဖြစ်သည်။ မြန်မာအသင်းက အရှေ့တီမောနှင့်ကစားရန် ကျန်နေပြီး သရေကစားရုံနှင့် အကြိုဗိုလ်လုပွဲတက်မည်ဖြစ်သည်။ ထိုင်းအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ကစားရန်ကျန်ရှိနေသော်လည်း အုပ်စုတက်ရန် အလားအလာမကောင်းတော့ပေ။

### ယနေ့ပွဲ

ဒီဇင်ဘာ ၁၅ ရက်**(ယနေ့)** ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ အုပ်စု(က) ပွဲစဉ်များကို ဆက်လက် ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းနှင့် လာအိုအသင်း၊ ဒုတိယပွဲစဉ်အဖြစ် ကမ္ဘောဒီးယားအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# အလွတ်တန်းတံခွန်စိုက် ဂျူဒိုပြိုင်ပွဲ ၂၀၀၅ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ ကြီးမှူး၍ ကမ္ဘောဇဘဏ်လီမိတက်၏ အဓိက ကူညီပံ့ပိုးမှုဖြင့် ဒုတိယအကြိမ် အလွတ်တန်းတံခွန်စိုက် ဂျူဒိုပြိုင်ပွဲအား ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၄ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ဝန်ကြီးဌာနအသင်းများအလိုက်သော် လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းအသင်းများအလိုက်သော် လည်းကောင်း၊ ကလပ်အသင်းများ အလိုက်သော် လည်းကောင်း၊ တစ်ဦးချင်းသော် လည်းကောင်း စိတ်ကြိုက်ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အသင်းတစ်သင်းလျှင် ဝိတ်တန်း တစ်တန်း တစ်ဦးသာ ဝင်ရောက် ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သဖြင့် အချို့ဝန်ကြီးဌာနအသင်းများသည် 'က'အသင်း၊ 'ခ'အသင်း စသည်ဖြင့် အသင်းများခွဲ၍ ပါဝင် ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိကြောင်းနှင့် ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကလေး-မုံရွာ-မန္တလေးအဆင့်မြင့်မော်တော်ယာဉ်လိုင်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်း ကလေးမြို့မှ မုံရွာ-မန္တလေးအဆင့်မြင့် မော်တော်ယာဉ် လိုင်းဖွင့်ပွဲကို ဒီဇင်ဘာ၅ရက် နံနက် ၉နာရီက ကလေးမြို့ အဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များက တီးမှုတ်ကပြမှုဖြင့်ဖွင့်လှစ်၍ဗိုလ်မှူးချုပ် ခင်မောင်အေးနှင့် ဗိုလ်မှူးကြီးမျိုးမြင့်တို့က ကလေး-မုံရွာ-မန္တလေးအဆင့်မြင့် မော်တော်ယာဉ်လိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယခုဖွင့်လှစ်သော ကလေး-မုံရွာ-မန္တလေးလိုင်းတွင် ဗန္ဓုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီမှ အဆင့်မြင့် မှန်လုံ အဲယားကွန်းပါ လေအိတ်ကားကြီးခြောက်စီးဖြင့် နေ့စဉ် ကလေးမြို့အဝေးပြေးဂိတ်မှ နံနက်၈နာရီတွင် လည်းကောင်း၊ မန္တလေးမြို့ သီရိမင်္ဂလာကားဝင်းမှ ညနေ၄နာရီတွင်လည်းကောင်း တစ်စီးစီ ပြေးဆွဲမည်ဖြစ်ပြီး လမ်းခရီးတွင် မုံရွာမြို့ချင်းတွင်း မြစ်ကူးတံတားသစ်နှင့် ကလေးဝမြို့ မြစ်သာမြစ်ကူးတံတားသစ်အား ဖြတ်၍ ၂၂၈မိုင်ရှည်သော ယာဉ်ကြီးလမ်းသစ်မှ ပြေးဆွဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# သာစည်မြို့နယ်တွင် ကျေးရွာစာကြည့်တိုက်ဖွင့်

သာစည် ဒီဇင်ဘာ ၉

**သာစည်မြို့နယ် အုတ်တွင်းကျေးရွာအုပ်စု မြိုင်သာစံပြကျေးရွာတွင် ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်က ကျင်းပသည်။**

အခမ်းအနားတွင် ကျေးရွာအုပ်စု အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်မြိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စာအုပ်တိုးပွားရေးနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဟောပြောဆွေးနွေးသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ရောင်ခြည်ဦး စာကြည့်တိုက်ကို ဆရာတော်အရှင်ဝိသုတ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်မြိုင်နှင့် အဖွဲ့ဝင် ဦးကြည်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

**ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝမ်ရှဲန်-ဝမ်ညှပ်ကျေးရွာချင်းဆက် မြေသားလမ်း ပေ ၁၃၂၀ x ၁၈ပေ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဉာဏ်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ်စည်ပင်)



**ပလင်းတန်**

**ပွံ့ဖြိုးဖို့**

**စာအုပ်စာပေ**

**လှေလာစို့**

## သယ်ယူ

**နိုဝင်ဘာ ၁၆ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်အတွင်းရှိ ကျေးလက်ပြည်သူများ သောက်သုံးရေ ရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးရာ ပြည်သူများ လာရောက်ရေသယ်ယူနေသည်ကို တွေ့ရစဉ်။**
(နယ်စပ်/စည်ပင်)

# ကျေးရွာပညာ့ဗိမာန် စာကြည့်တိုက်ဖွင့် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက် ရှင်းလင်းဟောပြော

**ကျောက်တလုံးကြီး ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျောက်တလုံးကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ နားရီးကျေးရွာတွင် ကိုယ့်အား ကိုယ်ကိုး ပညာ့ဗိမာန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်က ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ကျောင်းထိုင်ဆရာတော် ဦးဝိရိယ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီး ဌာနဦးစီးမှူး ဦးသန်းနိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမျိုးညွှန့်ရွှေတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးညွှန့်ရွှေက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ဖွင့်လှစ်ထားရှိပြီး စာကြည့်တိုက်ကို ရေရှည်ထိန်းသိမ်းရေး ရှင်းလင်းဆွေးနွေးဟောပြောသည်။

**လက်ခံ**

ထို့နောက် ပညာ့ဗိမာန်စာကြည့်တိုက်အတွက် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲ ကျင်းပရာ ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြား စက်တစ်လုံးနှင့် လက်ကိုင် ရေဒီယိုတစ်လုံးကို ကျေးရွာစုပေါင်း အလှူရှင်များကိုယ်စား အလှူရှင် ဦးပန်းရွှေနှင့် ဦးဘုတ်တို့က ဆက်ကပ်လှူဒါန်းရာ ကျောင်းထိုင်ဆရာတော် ဦးဝိရိယက လက်ခံရယူသည်။

ဆက်လက်၍ စာအုပ်အလှူရှင်များက စာအုပ် ၃၂၀ ကိုပေးအပ်လှူဒါန်းရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဦးစီးမှူး ဦးသန်းနိုင်က လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**



# ရွှေဘို(၁)စပါးမျိုး တိုင်းအဆင့် စံကွက်ရိတ်သိမ်း ရေဦးမြို့နယ်၌ တစ်ဧကလျှင် ၁၄၆ ဒသမ ၆၂ တင်းထွက်ရှိ

**ရေဦး ဒီဇင်ဘာ ၁၀**

ရေဦးမြို့နယ် မုတ်စီကျေးရွာအုပ်စု ကွင်းအမှတ် ၂၁၈၁၊ ဦးပိုင်အမှတ်(၄၆)ရှိ တောင်သူဦးပြည့်၏ ရွှေဘို (၁)စပါးမျိုး တိုင်းအဆင့် စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂ ရက်နံနက် ၈နာရီက အဆိုပါလယ်ကွက်တွင် ကျင်းပသည်။

**လိုအပ်ချက်များမှာကြား**

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် စံကွက်ရိတ်သိမ်းလျက်ရှိသော တောင်သူဦးပြည့်၏ လယ်ကွက်ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး**(အောက်ပုံ)** ရေဦးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ပြသထားသော လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြားသည်။

တောင်သူဦးပြည့်၏ ရွှေဘို (၁) စပါးမျိုးစံကွက်ကို ရိတ်သိမ်းခြွေလှေ့ရာ တစ်ဧကလျှင် ရွှေဘို(၁)စပါး ၁၄၆ဒသမ၆၂တင်းထွက်ရှိကြောင်း သိရသည်။ **(၃၇၈)**



# မုံရွာမြို့နယ်၌ ကျေးရွာစာကြည့်တိုက်များဖွင့်

**မုံရွာ ဒီဇင်ဘာ ၂**

မုံရွာမြို့နယ် ဇလုတ်ကျေးရွာ မိုးသောက်ရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ရက်နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် မိုးသောက်ရောင်ခြည်စာကြည့်တိုက်အား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သန်းဝင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးချစ်ဝေနှင့် ရပ်မိရပ်ဖ ဦးစိန်ကုလားတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သန်းဝင်းက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက်သို့ စာအုပ်စာစောင်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

**အလင်းရောင်စာကြည့်တိုက်ဖွင့်**

အလားတူ ဇီးကျွန်းကျေးရွာအုပ်စု အလင်းရောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၁၄ ရက်က သပြေပင်စု ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် စာကြည့်တိုက်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သန်းဝင်း၊ နာယကဆရာတော် ဦးကေသဝနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခရိုင်ဦးစီးအရာရှိက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ အလင်းရောင်စာကြည့်တိုက်သို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

**(ခရိုင် ပြန်/ဆက်)**

**ကျေးလက်**

**တစ်ခွင်**

**ဖွံ့ဖြိုး**

**စည်ပင်**



**နိုဝင်ဘာ ၂၀ရက်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကေတုမတီမြို့သစ် ရဲစခန်းအဝင်လမ်းနှင့် ဗညားဒလလမ်း ဂဝံလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကျော်မင်းတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

Sein Win & Associate Travels & Tours Co., Ltd.

ကလျာ မဂ္ဂဇင်း ထွက်ပါပြီ

ပဋ္ဌမ အကြိမ်မြောက်

မှိုးဆောင်လွှာ

THREE STAR
Air-Con,
ရေခဲသေတ္တာ
တပ်ဆင်ပြုပြင်၊ ရောင်းဝယ်ရေး
Good Second
Air-Con များကို
စျေးနှုန်း အထူးချိုသာစွာဖြင့်
ရောင်းချပေးနေပါသည်။
ဖုန်း–၇၀၅၇၈၄။

**ဖခင်အမည်မှန်**
မော်လမြိုင်မြို့ အထက(၈) နဝမတန်း(က)နေ မရွှေရည်ဝင်း(၂)၊ ဆဋ္ဌမတန်း(က)နေ မခိုင်ကြည်ကြည်သင်းနှင့် မော်လမြိုင်မြို့ အလက(၄) သတ္တမတန်း(ခ)နေ မောင်ကောင်းထက်ကျော် တို့၏ ဖခင်အမည်မှန်မှာ ဦးဘန်အိန်းဖြစ်ပါကြောင်း။
**ဦးဘန်အိန်း။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ (**Kyats**)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(**Sealed Tender**)များကို ပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

| စဉ် | ချိပ်ပိတ်တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| ၁။ | 123(T)/MEPE(GT)/ 2004-2005 | မဖောက်ထုံး(Quick Lime) | နေ့စဉ်(၇ဒသမ၅)တန်မှ (၁၅)တန်အထိ |

**တင်ဒါပိတ်ရက်နှင့်အချိန် – (၂၁–၁၂–၂၀၀၄) အင်္ဂါနေ့ ၁၂း၀၀ နာရီ**

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၃–၁၂–၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)၊ ပစ္စည်းစီမံရေးဌာန၊**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အမှတ်–၁၉၇–၁၉၉၊ အောက်ကြည့်မြင်တိုင်လမ်း၊**
**အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၂၂၀၈၁၂၊ ၂၂၀၈၁၆၊ ၂၂၀၈၁၃။**



## ကြို့ပင်ကောက်မဟာစန္ဒာသီဟဘုရား မသိုးသင်္ကန်းရက်ပြိုင်ပွဲဆုချီးမြှင့်

**ကြို့ပင်ကောက် ဒီဇင်ဘာ ၅**

ကြို့ပင်ကောက်မြို့ ကျက်သရေဆောင် မဟာစန္ဒာသီဟဘုရား၏ တတိယအကြိမ် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၅ရက် ည ၉နာရီက ကျင်းပရာ ပြိုင်ပွဲတွင် ပထမဆုရ သာယာဝတီစင်တော်**(ယာပုံ)**၊ ဒုတိယဆုရ ဟံသာဝတီစင်တော်နှင့် တတိယဆုရကေတုမတီစင်တော်တို့ကို ဆုများပေးအပ် ချီးမြှင့်ပြီး နံနက် ၄နာရီတွင် မသိုးရွှေကြာသင်္ကန်းများကို မဟာစန္ဒာသီဟ ဘုရားကြီးအား ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကာ ရေစက်ချ အနုမောဒနာတရားနာ ကြားကြောင်းသိရသည်။ **(၀၄၀)**



**နိုဝင်ဘာ ၂၆ရက်က မော်လမြိုင်ကျွန်းမြို့နယ် ဒသမအကြိမ် ဌာနဆိုင်ရာ စုပေါင်းဘုံကထိန်ပွဲတော်ကို ပုဏ္ဏမွတ်လှေကျော်ချောင်းကျေးရွာအုပ်စု ကျုံးလတာချောင်းဝကျောင်း၌ ကျင်းပရာ ဌာနဆိုင်ရာများ၏ စုပေါင်းငွေပဒေသာပင်များနှင့် ပစ္စည်းပဒေသာပင်များကို ကျုံးလတာချောင်းဝကျောင်းသို့ ပို့ဆောင်ကြပြီးနောက် ဆရာတော်ဘဒ္ဒန္တသုဓမ္မနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (၀၉၇)

**ဒီဇင်ဘာ ၆ရက်က မအူပင်မြို့ အထက(၂) ကျောင်းခန်းမတွင် (၈၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော အမျိုးသားနေ့ သဝဏ်လွှာကို မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ဖတ်ကြားစဉ်။** (၄၂၁)



## နိုင်ငံသားစိစစ်ရေးကတ်ပြား ပျော်ဘွယ်မြို့၌ပေးအပ်

**ပျော်ဘွယ် ဒီဇင်ဘာ ၂**

ပျော်ဘွယ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို နိုဝင်ဘာ ၁၇ရက် နံနက် ၁၀နာရီက ကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေးတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျောင်းသား ကျောင်းသူ ၂၀၀ တို့၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်ကြောင်း သိရသည်။ **(၂၅၀)**

## အာဟာရကျွေးမွေး

**ဒီဇင်ဘာ ၈ ရက်က သာကေတ အမက(၂၁)တွင် အာဟာရကျွေးမွေးရေးအစီအစဉ်အဖြစ် ကျောင်းသား ကျောင်းသူများအား ဦးဝင်းမင်းထွန်း–ဒေါ်သီဂီနှင့် သား မောင်မိုးဟိန်းကျော် ဒုတိယတန်း(ခ)တို့က အာဟာရ မုန့်ဟင်းခါး ကျွေးမွေးကြစဉ်။** (က–ပ)



# မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် 2004 ASEAN Open Optimist Championship ရွက်လှေပြိုင်ပွဲ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

## ပြိုင်ပွဲသို့ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ သီရိလင်္ကာ၊ စင်ကာပူ၊ ထိုင်းနှင့် အိမ်ရှင်မြန်မာတို့ ပါဝင်ယှဉ်ပြိုင်

ရန်ကုန် ဒီဇင်ဘာ ၁၄

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် 2004 ASEAN Open Optimist Championship ရွက်လှေပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရောဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ချောင်းသာကမ်းခြေရှိ MAX Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးသည်။**

**တက်ရောက်**

အခမ်းအနားသို့ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အားကစားဝန်ကြီးဌာနမှ ***စာမျက်နှာ ၉ ကော်လံ ၁*** ✻

**မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် 2004˚ ASEAN Open Optimist Championship ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)





**၁၃၆၆ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကန်တော့ခံ သက်ကြီး စာပေပညာရှင်ကြီးများအား ကန်တော့ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ၁၃၆၆ ခုနှစ် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအခမ်းအနား ရန်ကုန်မြို့တော်ခန်းမ၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၄

**မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၆၆ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ***စာမျက်နှာ ၇ ကော်လံ ၄*** ■

**မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့၏မြောက်ဘက် နှစ်မိုင်ခန့်အကွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)မှ တာဝန်ယူ တည်ဆောက်ခဲ့သည့် အမြင့်ပေ ၂၀၀၊ အလျားပေ ၆၄၈၀ ရှည် မြေသားတမံ (ဇုန်အမျိုးအစားဖြင့်) ဆောက်လုပ်ထားပြီး မကြာမီဖွင့်လှစ်တော့မည့် မုန်းချောင်းဘက်စုံရေလှောင်တမံ၏မြင်ကွင်းအလှကို ဒီဇင်ဘာ ၉ ရက်က ဤသို့ ခံ့ညားထည်ဝါစွာတွေ့ရသည်။** ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

